BURMA NEWS INTERNATIONAL

MYANMAR PEACE MONITOR

နိုင်ငံတကာ မြန်မာသတင်း (ဘီအဲန်အိုင်)

မြန်မာ့ငြိမ်းချမ်းရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့

# မြို့သိမ်းခြင်း၊ မြို့ထိန်းခြင်း နှင့် တော်လှန်ရေး၏ ဦးတည်ရာ



ဇန်နဝါရီ၊ ၂၀၂၅

# မာတိကာ


အစီရင်ခံစာ၏ ရည်ရွယ်ရာ၊ နည်းနာနှင့် ပြဿနာများ . . . . . . . . . . . . . . . . . . ၂

နိဒါန်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄

မြို့သိမ်းတိုက်ပွဲဆင်နွှဲရသည့် အကြောင်းအရင်းများ . . . . . . . . . . . . . . . . . . . ၈

သိမ်းပိုက်ထိန်းချုပ်ထားသည့် မြို့များ၏ အရေးပါမှု . . . . . . . . . . . . . . . . . . ၁၂

နှစ်နှင့်ချီ ကြာမြင့်လာသော သိမ်းပိုက်မြို့များ . . . . . . . . . . . . . . . . . . . . . ၁၆

စစ်အုပ်စု ပြန်လည်ထိန်းချုပ်သွားသည့် မြို့များ . . . . . . . . . . . . . . . . . . . . . ၂၁

မအောင်မြင်သော မြို့သိမ်းဖြစ်စဉ်များ . . . . . . . . . . . . . . . . . . . . . . . . . ၂၅

မြို့သိမ်းဖြစ်စဉ်များနှင့် ပြည်သူ့လုံခြုံရေး . . . . . . . . . . . . . . . . . . . . . . . . ၂၈

မြို့သိမ်းခြင်း၊ မြို့ထိန်းခြင်းနှင့် တော်လှန်ရေး၏ ဦးတည်ရာ. . . . . . . . . . . . . . ၃၂

မြို့သိမ်းဖြစ်စဉ်များနှင့် ဖက်ဒရယ်ပြည်ထောင်စုကို မျှော်ကြည့်ခြင်း . . . . . . . . . . ၃၆

တွေ့ရှိချက်၊ သုံးသပ်ချက်များ . . . . . . . . . . . . . . . . . . . . . . . . . . . . . ၃၉

## အစီရင်ခံစာ၏ ရည်ရွယ်ရာ၊ နည်းနာနှင့် ပြဿနာများ

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်၊ စစ်အာဏာသိမ်းရန် ကြိုးပမ်းချိန်မှစပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီလ (၈) ရက်အထိ လပေါင်း (၄၈) လတာအတွင်း အာဏာသိမ်းစစ်အုပ်စုထံမှ မြို့ပေါင်း (၉၅) မြို့ကို တော်လှန်ရေးအင်အားစုများဘက်မှ အလုံးစုံသိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်သည်။ တော်လှန်ရေးအင်အားစုများ၏ မြို့သိမ်းဖြစ်စဉ်များထဲမှ မြို့ပေါင်း (၉၃) မြို့သည် ညီနောင်မဟာမိတ် (၃) ဖွဲ့၏ "၁၀၂၇ စစ်ဆင်ရေး" အလွှန်ကာလများအတွင်း တော်လှန်ရေးအင်အားစုများဘက်မှ သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

ယခုအစီရင်ခံစာသည် မြို့သိမ်းဖြစ်စဉ်များ၏ အကြောင်းရင်းခံ၊ သိမ်းပိုက်ခဲ့သည့် မြို့များ၏ အရေးပါမှုနှင့် ရေရှည်ထိန်းချုပ်နိုင်စွမ်း၊ မြို့သိမ်းဖြစ်စဉ်များ၏ နောက်ဆက်တွဲ အကျိုးဆက်၊ ပြည်သူလူထု၏ စိုးရိမ်ချက်များ စသည့်တို့ကို ဖော်ထုတ်တင်ပြရန် ကြိုးပမ်းထားသည်။ တဆက်တည်းတွင် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအပေါ် သက်ရောက်နိုင်ခြေ စသည့်အခြေအနေများကိုလည်း ချဉ်းကပ်တင်ပြထားပါသည်။

အစီရင်ခံစာပါ အချက်အလက်များ၊ ဖြစ်စဉ်ဖြစ်ရပ်များကို BNI - Myanmar Peace Monitor ၏ Dataset မှ ရယူအသုံးပြုထားသည်။ တိုက်ပွဲဖြစ်ပွားမှုနှင့် လေကြောင်းတိုက်ခိုက်မှုကဲ့သို့သော ကိန်းဂဏန်းများကို ဖြစ်စဉ်တခုအဖြစ်သာ မှတ်တမ်းတင်အသုံးပြုထားပြီး အကြိမ်ရေအားဖြင့်ဆိုလျှင် ပိုမိုများပြားနိုင်ကြောင်း အသိပေးအပ်ပါ သည်။ အစီရင်ခံစာ

အတွက် လိုအပ်သည့် တွေ့ဆုံမေးမြန်းမှုများကို အချိန်ယူပြုလုပ်ခဲ့သလို BNI ၏ အဖွဲ့ဝင် သတင်းဌာနများနှင့် အခြားသော ပြည်တွင်းပြည်ပသတင်းမီဒီယာများတွင် ဖော်ပြခဲ့သော သတင်းများ၊ အင်တာဗျူးများ၊ သက်ဆိုင်ရာတော်လှန်ရေးအင်အားစုများ၏ ထုတ်ပြန်ချက်များ၊ ထုတ်ဖော်ပြောဆိုချက်များကိုလည်း အကိုးအကားအဖြစ် အသုံးပြုထားပါသည်။

မြို့သိမ်းတိုက်ပွဲနှင့် မြို့သိမ်းဖြစ်စဉ်များသည် စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးအတွက် ဦးတည်လျက်ရှိသော လူထုတော်လှန်ရေး၊ တနည်းအားဖြင့် နွေဦးတော်လှန်ရေးအတွက် တော်လှန်ခွန်အားကို တိုးပွားလာစေသကဲ့သို့ အခြားတဖက်တွင် အာဏာသိမ်းစစ်အုပ်စု၏ အကြမ်းဖက်လုပ်ရပ်များ၊ အထူးသဖြင့် လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်မှုများ၊ ပြည်သူလူထုအပေါ် ပစ်မှတ်ထားတိုက်ခိုက်မှုများကို ပိုမိုများပြားစေခဲ့ပါသည်။ တော်လှန်ရေးအင်အားစုများဘက်သို့ လက်လွှတ်ဆုံးရှုံးခဲ့ရသည့် မြို့များကို လေကြောင်းမှတဆင့် ဗုံးကြဲဖျက်ဆီးပစ်ခဲ့သည့် စစ်ကောင်စီတပ်၏ လုပ်ရပ်များကို အများအပြား တွေ့ရှိရပါသည်။


ပြည်သူလူထု၏ ဆန္ဒနှင့် ထောက်ခံအားပေးမှုကို အခြေပြုထားသည့် လူထုတော်လှန်ရေးအတွင်း ပုံသဏ္ဌာန်မျိုးစုံဖြင့် ပါဝင်လှုပ်ရှားနေကြသော တော်လှန်ရေးအင်အားစုများအတွက် သတိပြုစရာများ၊ အာဏာသိမ်းစစ်အုပ်စု၏ အကြမ်းဖက်လုပ်ရပ်များနှင့် ပြည်သူလူထု၏အသံများကို တင်ပြနိုင်ရန် ယခုအစီရင်ခံစာက ရည်ရွယ်ကြိုးပမ်းထားပါသည်။

# နိဒါန်း

မိမိတို့ BNI - Myanmar Peace Monitor ၏ မှတ်တမ်းအရ မြို့သိမ်းဖြစ်စဉ်များကို ၂၀၂၁ ခုနှစ် ဇူလိုင်လကတည်းက ချင်းပြည်နယ် မင်းတပ်မြို့နယ်အတွင်းတွင် စတင်တွေ့ရှိခဲ့ပါသည်။ မြို့ငယ်တစ်ခုဖြစ်သော မကွီးအိမ်နူးမြို့ရှိ ရဲစခန်းအား ချင်းဒေသကာကွယ်ရေးတပ်ဖွဲ့ - မင်းတပ် (CDF-Mindet) မှ ၂၀၂၁၊ ဇူလိုင်လ ၂၄ ရက်တွင် သွားရောက်တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်ဘက်မှ ပိုလ်ကြီးတစ်ဦးအပါအဝင် ရဲနှင့်စစ်သား (၇) ဦး လက်နက်ချခဲ့သဖြင့် သေနတ်တစ်ချက်မျှပင် မဖောက်ရဘဲ တော်လှန်ရေးအင်အားစုများဘက်မှ မြို့ကိုသိမ်းပိုက်ရရှိခဲ့သည်။

ကရင်နီ(ကယား)ပြည်နယ်အတွင်း မြန်မာ-ထိုင်းနယ်စပ်ရှိ မယ်စဲ့မြို့နယ်အတွင်းရှိ စစ်ကောင်စီတပ်စခန်းများအားလုံးကို ၂၀၂၃ ခုနှစ် ဇွန်လ ၁၃ ရက်မှ ၂၄ ရက်အထိ ကရင်နီဒေသတွင်း တော်လှန်ရေးတပ်ပေါင်းစုက တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သဖြင့် "၁၀၂၇ စစ်ဆင်ရေး" မစတင်မီ တော်လှန်ရေးအင်အားစုများဘက်မှ သိမ်းပိုက်ရရှိခဲ့သည့် ဒုတိယမြောက် မြို့ဖြစ်ခဲ့သည်။ ဇွန်လ ၂၄ ရက် နံနက်ပိုင်းတွင် မယ်စဲ့မြို့နယ်၊ မြန်မာ - ထိုင်းနယ်ခြားမှတ်တိုင်အမှတ် - ၁၃ (BP 13) ရှိ စစ်ကောင်စီတပ်စခန်းမှ စစ်ကောင်စီတပ်သားများထဲမှ (၁၈) ဦး လက်နက်ချခဲ့သဖြင့် တော်လှန်ရေးအင်အားစုများဘက်မှ သေနတ်တစ်ချက်မျှ မဖောက်ရဘဲ မြို့ကို သိမ်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်တွင် စတင်ခဲ့သည့် "၁၀၂၇ စစ်ဆင်ရေး" နောက်ပိုင်းတွင်တော့ ရှမ်းမြောက်ဒေသအပါအဝင် မြန်မာနိုင်ငံတဝှမ်းလုံးတွင် တော်လှန်ရေးအင်အားစုများ၏ မြို့သိမ်းဖြစ်စဉ်များကို ခပ်စိပ်စိပ်တွေ့ရှိလာရပါသည်။ ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၅ ခုနှစ် ဇန်နဝါရီလအထိ (၁၅) လတာအတွင်း မြို့သိမ်းဖြစ်စဉ်မရှိသည့် လ



ဟူ၍မရှိတော့ဘဲ "Sold Out" ဟူသည့် အသုံးအနှုန်းပင် လက်သုံးစကားဖြစ်လာခဲ့သည်။ အဆိုပါ (၁၅) လတာအတွင်း တော်လှန်ရေးအင်အားစုများဘက်မှ မြို့ပေါင်း (၉၅) မြို့ကို စစ်ကောင်စီထံမှ သိမ်းပိုက် ထိန်းချုပ်ထားနိုင်ခဲ့ပြီဟု ဆိုရပါမည်။

မြို့သိမ်းဖြစ်စဉ်များကို တောင်တန်းမြေပြန့်ဒေသအလိုက် လေ့လာကြည့်ပါက ရှမ်းပြည်နယ်မြောက်ပိုင်းတွင် (၂၄) မြို့၊ ရခိုင်ပြည်နယ်တွင် (၂၃) မြို့၊ ချင်းပြည်နယ်တွင် (၁၅) မြို့၊ ကချင်ပြည်နယ်တွင် (၁၄) မြို့၊ စစ်ကိုင်းတိုင်းတွင် (၅) မြို့၊ ကရင်နီ(ကယား) ပြည်နယ်တွင် (၅) မြို့၊ မန္တလေးတိုင်းတွင် (၄) မြို့၊ ကရင်ပြည်နယ်တွင် (၃) မြို့၊ ပဲခူးတိုင်းအရှေ့ပိုင်းတွင်(၁) မြို့နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင်(၁) မြို့ စသဖြင့် တွေ့ရှိရပါသည်။

တော်လှန်ရေးအင်အားစုအလိုက် သိမ်းပိုက်ထိန်းချုပ်နိုင်မှုတွင်တော့ အာရက္ခတပ်တော် (ULA/ AA) မှ (၂၅)၊ ကချင်လွတ်လပ်ရေးတပ်မတော် (KIO/ KIA) မှ (၁၆) မြို့၊ တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (PLSF/TNLA) မှ (၁၂) မြို့၊ မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (ကိုးကန့်တပ်ဖွဲ့) (MNDAA)မှ (၁၀)မြို့အထိ အသီးသီးထိန်းချုပ် သိမ်းပိုက်ထားပါသည်။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ကာကွယ်ရေးဝန်ကြီးဌာန (MOD) လက်အောက်ရှိ ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) တပ်ရင်း၊ တပ်ဖွဲ့များမှ (၇) မြို့၊ ချင်းအမျိုးသားတပ်ဦး (CNF/ CNA) နှင့် ချင်းဒေသ

ပူးပေါင်းတပ်ဖွဲ့များမှ (၇) မြို့၊ ကရင်နီ ဒေသတွင်းတော်လှန်ရေးတပ်ပေါင်းစု (KRF) မှ (၆) မြို့၊ ကရင်အမျိုးသားအစည်းအရုံး (KNU) မှ (၄) မြို့၊ ချင်းညီနောင်အဖွဲ့ (CB) မှ (၄) မြို့၊ ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSP/UWSA)မှ (၂) မြို့၊ ချင်းဒေသ ကာကွယ်ရေးတပ် - မင်းတပ် (CDF-Mindat)၊ မရာလဲန်းကာကွယ်ရေးတပ်ဖွဲ့ (MDF/MTC) နှင့် ဇိုမီးတော်လှန်ရေးတပ် - အရှေ့ပိုင်းတိုင်း (ZRA-EC) တို့မှ တစ်မြို့စီသိမ်းပိုက်ထိန်းချုပ်ထားကြပါသည်။ မြို့သိမ်းတိုက်ပွဲဖြစ်စဉ်များကို လေ့လာကြည့်ပါက ဖြစ်စဉ်တစ်ခုချင်းစီတိုင်းတွင် တော်လှန်ရေးအင်အားစုများ အချင်းချင်းပူးပေါင်းလုပ်ရှားမှုများကို အများဆုံး မြင်တွေ့ရပါသည်။

ဥပမာ - KIO/KIA သည် ကချင်ဒေသအတွင်းရှိ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (KPDF) နှင့်သော် လည်းကောင်း၊ NUG လက်အောက်ခံ PDF တပ်ရင်းတပ်ဖွဲ့များနှင့်သော် လည်းကောင်း၊ စစ်ဆင်ရေးနယ်မြေအလိုက်ဒေသတွင်း တော်လှန်ရေးတပ်ဖွဲ့များနှင့်သော် လည်းကောင်း စစ်ရေးအရ ဦးဆောင်ပြီး ပူးပေါင်းလှုပ်ရှားလေ့ရှိပါသည်။ ရှမ်းပြည်နယ် မြောက်ပိုင်းဒေသအတွင်းရှိ မြို့သိမ်းဖြစ်စဉ်များတွင်မူ MNDAA ၊ PSLF/TNLA နှင့် ULA/AA တို့သည် ဒေသအလိုက် စစ်ရေးအရ ဦးစီးဦးဆောင်ပြုလုပ်ရှားခဲ့သော်လည်း နွေဦးတော်လှန်ရေးကာလတွင်မှ ပေါက်ဖွားလာကြသည့် မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF-LDF)များ၊ မန္တလေး- ပြည်သူ့ကာကွယ်ရေးတပ်မတော် (MDY-PDF)၊ ဗမာပြည်သူ့လွတ်မြောက်ရေးတပ်တော် (BPLA)၊ ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (KNDF)၊ ပြည်သူ့လွတ်မြောက်ရေးတပ်တော် (PLA) တို့ကလည်း ပူးပေါင်းပါဝင်လှုပ်ရှားခဲ့ကြပါသည်။ ထို့အပြင် ကရင်ဒေသအတွင်း KNU ၏ ကရင်အမျိုးသားလွတ်မြောက်ရေး

တပ်မတော် (KNLA) မှ ဦးဆောင်၍သော် လည်းကောင်း၊ ကရင်နီဒေသအတွင်း ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP) ၏ ကရင်နီတပ်မတော် (KA) မှ ဦးဆောင်၍သော် လည်းကောင်း တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (ERO) များက ဦးဆောင် ဦးရွက်ပြုကာ ဒေသတွင်းတော်လှန်ရေးအဖွဲ့များနှင့် ပူးပေါင်းလှုပ်ရှားမှုများကို အထင်အရှား မြင်တွေ့ခဲ့ရသည်။

အခြားတစ်ဖက်တွင်တော့ အာဏာသိမ်းစစ်ကောင်စီတပ်များအား ဖိအားပေးထိုးစစ် ဆင်ရင်း နယ်မြေဒေသအလိုက် လှုပ်ရှားဆောင်ရွက်မှုအပေါ် မူတည်ပြီး တော်လှန်ရေး တပ်ဖွဲ့အချင်းချင်းအကြား အငြင်းပွားမှုဖြစ်စဉ်များကို တွေ့ရှိနေရပါသည်။ အထူးသဖြင့် ချင်းပြည်နယ်အတွင်း CNF/CNA ဦးဆောင်သော ပူးပေါင်းတပ်ဖွဲ့များနှင့် အခြားသော ဒေသ အလိုက် ကာကွယ်ရေးတပ်ဖွဲ့ (CDF) များအကြား အငြင်းပွားမှုများသည် လက်နက်ကိုင် ပဋိပက္ခတိုက်ပွဲအထိ အသွင်ဆောင်လာခဲ့သည်ကို တွေ့ရှိရသည်။

ထို့ကြောင့် စစ်အာဏာသိမ်းကာလအတွင်း မြို့သိမ်းဖြစ်စဉ်များနှင့်အတူ တွေ့ရှိရ သည့် အကြောင်းအချက်များ၊ သက်ရောက်မှုအခြေနေများသည် ကောင်းခြင်း၊ ဆိုးခြင်းတို့ ရောပြွမ်းနေပြီး သင်ခန်းစာယူစရာများ၊ သတိပြု ဆင်ခြင်ဖွယ်ရာများကို အထင်အရှား တွေ့ရှိ နေရသည်။ ထို့အတူ ဆယ်စုနှစ်ပေါင်းများစွာ အချိန်ယူ တည်ဆောက်ထားသည့် အာဏာ သိမ်းစစ်အုပ်စု၏ စစ်ရေးဒေါက်တိုင်များ၊ အုပ်ချုပ်ရေးယန္တယားများသည်လည်း အချိန်တို အတွင်း ဖြိုဖျက်၍ရနိုင်ကြောင်းကို လှစ်ဟပြသနေသည်ဟု ရှုမြင်နိုင်ပါသည်။

## မြို့သိမ်းတိုက်ပွဲဆင်နွှဲရသည့် အကြောင်းအရင်းများ

"၁၀၂၇ စစ်ဆင်ရေး" မတိုင်ခင် တော်လှန်ရေးအင်အားစုများဘက်မှ သိမ်းပိုက်ထိန်းချုပ်ခဲ့သည့် ချင်းပြည်နယ်ရှိ မင်္ကီးအိမ်နူးမြို့နှင့် ကရင်နီ(ကယား) ပြည်နယ်မှ မယ်စဲ့ မြို့သိမ်းဖြစ်စဉ်များကိုကြည့်လျှင် တော်လှန်ရေးအင်အားစုများ၏ ထိုးစစ်ဆင်ဖိအားပေးမှု အရှိန်အဟုန်ထက်ပင် စစ်ကောင်စီတပ်သားများကိုယ်တိုင် လက်နက်ချအညံ့ခံခဲ့ကြရခြင်းကြောင့်ဟု ဆိုနိုင်ပါသည်။ ယင်းသို့လက်နက်ချအညံ့ခံရန်အတွက်လည်း တော်လှန်ရေးအင်အားစုများအနေဖြင့် မဟာဗျူဟာကျစွာ ဘက်ပေါင်းစုံမှ ဝန်းရံပိတ်ဆို့ထားခြင်းနှင့် စည်းရုံးရေးအစွမ်းအစတို့၏ အကျိုးသက်ရောက်မှုများ ဖြစ်ပါသည်။

၂၀၂၁ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့၊ မင်္ကီးအိမ်နူးမြို့ ရှေ့တန်းရဲစခန်းမှ စစ်တက္ကသိုလ်အပတ်စဉ် (၅၅) ကျောင်းဆင်း ဗိုလ်ကြီးသန်းထိုက်နှင့် ရဲအရာရှိတစ်ဦးအပါအဝင် (၇) ဦး လက်နက်ချကာ ချင်းဒေသကာကွယ်ရေးအဖွဲ့နှင့် ပူးပေါင်းလာမှုဖြစ်စဉ်ကို CDF - Mindat တာဝန်ရှိသူတစ်ဦးက ယခုလိုပြောပြပါသည်။

"ကျနော်တို့ CDF အနေနဲ့ သူတို့စခန်းကိုသွားတယ်၊ CDM (အကြမ်းမဖက်ပြည်သူ့အာဏာဖီဆန်ရေးလှုပ်ရှားမှု) လုပ်ပေးဖို့ ပြောတယ်၊ သူတို့နဲ့ ညှိနှိုင်းဖို့ခေါ်တယ်၊ သူတို့ လာတယ်၊ CDM လုပ်ပေးဖို့ လိုချင်တဲ့အကြောင်း ပြောတယ်၊ တစ်ယောက်နဲ့ တစ်ယောက် ပစ်ရခတ်ရတာမကောင်းဘူး၊ အဲဒီမှာ တချို့ကကြတော့ ကျနော်တို့နဲ့ ပူးပေါင်းတယ်၊ ၅ ယောက်လောက်က ကျနော်တို့နဲ့ ပူးပေါင်းဆောင်ရွက်မှု မရှိဘူး၊ စခန်းက လက်နက်တွေယူပြီး ထွက်ပြေးသွားတယ်၊ ၇ ယောက်က ကျနော်တို့နဲ့ ပူးပေါင်းတယ်"။ [1]

---

[1] ချင်းပြည်နယ် မင်းတပ်မြို့နယ်တွင် စကစ ဗိုလ်ကြီးအဆင့်ရှိသူအပါအဝင် ၇ ဦး CDF-Mindat ထံ ဝင်ရောက်ပူးပေါင်း၊ ခိုနူမ်းသုန်သတင်း၊ ၂၆ ဇူလိုင် ၂၀၂၁

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်၊ "၁၀၂၇ စစ်ဆင်ရေး" စတင်ပြီး တပတ်အကြာ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့တွင်ပင် ရှမ်းပြည်နယ်မြောက်ပိုင်း ချင်းရွှေဟော်၊ ဖောင်းဆိုင်၊ ကြူကုတ် (ပန်ဆိုင်း) နှင့် သိန္နီမြို့တို့ကို ညီနောင်မဟာမိတ် (၃) ဖွဲ့ ဦးဆောင်သည့် တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့များက အလုံးစုံ သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပါသည်။ စစ်ကောင်စီတပ်၏ စစ်ရေးအရ အရေးပါသည့် တပ်စခန်းပေါင်း (၉၀) ကျော်ကို တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပြီး သံချပ်ကာတင့်ကား (၆) စီးနှင့် မြောက်များစွာသော လက်နက်ခဲယမ်းများကို စစ်ကောင်စီထံမှ သိမ်းပိုက်ရရှိခဲ့ပါသည်။ [2]

မိမိတို့ BNI - Myanmar Peace Monitor ၏ မှတ်တမ်းအရ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ တစ်လတည်းတွင် စစ်ကောင်စီအနေဖြင့် ရှမ်း၊ ချင်း၊ ကရင်နီ (ကယား)၊ ကချင်နှင့် စစ်ကိုင်း စသည့် တိုင်းနှင့် ပြည်နယ်များအတွင်းရှိ မြို့ပေါင်း (၁၉) မြို့ကို တော်လှန်ရေးအင်အားစုများ ထံ လက်လွှတ်ဆုံးရှုံးခဲ့ရသည်။ ထို့အပြင် အဆိုပါနိုဝင်ဘာလမှစတင်ပြီး တော်လှန်ရေး အင်အားစုများ၏ မြို့သိမ်းဖြစ်စဉ်များကို လစဉ်အနည်းဆုံး (၁) မြို့မှ အများဆုံး (၁၀) မြို့ အထိ ရှိခဲ့ပါသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ (၁) ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ (၈) ရက် အထိ စစ်အာဏာသိမ်းကာလအတွင်း ရှမ်း၊ ကချင်၊ ချင်း၊ ရခိုင်၊ ကရင်၊ ကရင်နီ (ကယား)၊ စစ်ကိုင်း၊ မန္တလေးနှင့် ပဲခူးစသည့် တိုင်းနှင့်ပြည်နယ် (၉) ခုမှ မြို့ပေါင်း (၉၅) မြို့အထိ တော်လှန်ရေးအင်အားစုများထံ လက်လွှတ်ဆုံးရှုံးခဲ့ရပြီ ဖြစ်သည်။



Photo - ULA/AA

[2] မြို့၄ မြို့ကို အလုံးစုံထိန်းချုပ်ထားနိုင်ပြီလို့ဆို ညီနောင်မဟာမိတ်ထုတ်ပြန်၊ Kachin News Group၊ ၂ နိုဝင်ဘာ ၂၀၂၃

ထို့ကြောင့် နောက်ထပ်မြို့သိမ်းဖြစ်စဉ်များ ကျယ်ပြန့်လာရခြင်း၏ အကြောင်းအချက်တစ်ခုအဖြစ် ညီနောင်မဟာမိတ် (၃) ဖွဲ့၏ "၁၀၂၇ စစ်ဆင်ရေး" ကို တွေ့ရှိရသည်။ စစ်ဆင်ရေးအတွင်း ညီနောင်မဟာမိတ် (၃) ဖွဲ့နှင့်အတူ စစ်အာဏာသိမ်းကာလအတွင်း ပေါက်ဖွားလာခဲ့ကြသည့် တော်လှန်ရေးအင်အားစုများ၏ ပေါင်းစည်းမှု၊ ဟန်ချက်ညီ လှုပ်ရှားနိုင်မှုတို့ကို အထင်အရှားတွေ့မြင်ခဲ့ရပါသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းမှ စတင်ခဲ့သည့် မြို့သိမ်းဖြစ်စဉ်များသည် ယခုအခါ မြန်မာနိုင်ငံအလယ်ပိုင်းဒေသဖြစ်သော မန္တလေးတိုင်းအတွင်းထိပါ ကျယ်ပြန့်လာခဲ့ပြီဟု ဆိုရပါမည်။

"ဒီစစ်ဆင်ရေးရဲ့ အဓိကမီးမောင်းထိုးပြလိုက်တဲ့အကွက်ကတော့ စစ်ကောင်စီကို တဖွဲ့ချင်းတိုက်တာထက် ညီနောင်မဟာမိတ် (၃) ဖွဲ့လို စုစည်းပြီးတိုက်ရင် အောင်မြင်နိုင်တယ်။ တကယ်လုပ်ရဲရင် တကယ်ဖြစ်တယ်၊ တကယ်တိုက်ရင် တကယ်ရတယ်။ စစ်ကောင်စီရဲ့ ဘယ်စခန်း၊ ဘယ်နေရာကိုမဆို တိုက်လို့ရနိုင်တယ် ဆိုတဲ့ စိတ်ခွန်အားတွေကို တစ်နိုင်ငံလုံးက စစ်ကောင်စီကို တော်လှန်နေကြတဲ့အဖွဲ့အစည်း၊ တော်လှန်ရေးရဲဘော်တိုင်းကို ကူးစက်စေခဲ့တယ်" ဟု အာရက္ခတပ်တော် (ULA/AA) ၏ ဒုစစ်ဦးစီးချုပ်ဖြစ်သူ ဒေါက်တာညိုထွန်းအောင်က သုံးသပ်ပါသည်။ [3]

ကရင်နီအမျိုးသားများကာကွယ်ရေးတပ်မတော် (KNDF) ၏ ဥက္ကဋ္ဌလည်းဖြစ်၊ စစ်ဦးစီးချုပ်လည်း ဖြစ်သူ ခွန်းဘီထူးကတော့ မြို့သိမ်းတိုက်ပွဲဖြစ်စဉ်များသည် နယ်မြေအားလုံး ရာနှုန်းပြည့် သိမ်းပိုက်နိုင်ရေးအတွက် ကြိုးပမ်းနေကြသည့် တော်လှန်ရေးတပ်ဖွဲ့များ၏ လုပ်ငန်းစဉ်တစ်ခုဖြစ်သည်ဟု ဆိုပါသည်။ ကရင်နီဒေသ မြေပြင်အနေအထားတွင် စစ်ကောင်စီတပ်များသည် မြို့ကို ကာကွယ်စောင့်ရှောက်သည်ဟုဆိုကာ မြို့ပတ်ချာလည်မှ ကျေးရွာများရှိ ပြည်သူလူထုအား အမိန့်ပေးညွှန်ကြားခြင်း၊ ခြိမ်းခြောက်ခြင်းများကို ပိုမိုလုပ်ဆောင်လာသည့်အတွက် စစ်ကောင်စီတပ်ရှိရာကို တိုက်ပွဲဖော်ဆောင်ရင်း မြို့သိမ်းရသည်အထိ ဖြစ်သွားခဲ့သည်ဟု ခွန်းဘီထူးက ရှင်းပြသည်။

"စစ်တပ်ရှိတဲ့နေရာကို သွားတိုက်ရင်းနဲ့ မြို့သိမ်းရတဲ့အထိ ဖြစ်သွားတယ်။ ဒါကပဲ မြို့သိမ်းရတဲ့ အကြောင်းရင်းတွေ ဖြစ်သွားတယ်။ ဒီလို မြို့သိမ်းဖြစ်စဉ်တွေကတဆင့် တော်လှန်ရေးအဖွဲ့တွေအနေနဲ့ နယ်မြေတွေ ပိုတိုးပြီး တစ်နိုင်ငံလုံးနီးပါး လွှမ်းမိုးနိုင်ဖို့

[3] ၁၀၂၇ စစ်ဆင်ရေးနှင့် နွေဦးတော်လှန်ရေးလားရာ ၊ စာ - ၂၆ ၊ BNI-Myanmar Peace Monitor ၊ ဧပြီလ ၂၀၂၄

အတွက်ကို ကြိုးစားတဲ့လုပ်ရပ် ဖြစ်တယ်။ ဒီလုပ်ရပ်တွေကလည်း အားလုံး အချိတ်အဆက်ရှိရှိ လုပ်ဆောင်နေတဲ့ တော်လှန်ရေးလုပ်ငန်းစဉ်တရပ် ဖြစ်တယ်” ဟု ကရင်နီပြည်အုပ်ချုပ်ရေးကောင်စီ (IEC) ၏ ဒုဥက္ကဋ္ဌလည်းဖြစ်သူ ခွန်းဘီထူးက ဆိုပါသည်။ [4]

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) ၏ အလုပ်အမှုဆောင်ကော်မတီဝင် ရဲဘော်မင်းဌေးကတော့ မြို့သိမ်းရသည့် အကြောင်းအရင်းများ အနက် နယ်မြေချင်းဆက်စပ်မှု၊ ပိတ်ဆို့ ဖြတ်တောက်ထားနိုင်မှုစသည့် စစ်ရေးအရ အရေးပါမှုကို ထည့်တွက်ရသလို နိုင်ငံရေးအရ စစ်ကောင်စီ၏ ယန္တရားတခုလုံး ပြိုလဲစေနိုင်သည့် စိုးမိုးနယ်မြေများအား သိမ်းပိုက်ထိန်းချုပ်နိုင်ရေး ရည်မှန်းချက်များသည် အခရာကျသည်ဟု ဆိုပါသည်။

“တော်လှန်ရေးအင်အားစုတွေဟာ မြို့သိမ်းတိုက်ပွဲတွေကို ဆင်နွှဲနိုင်မှပဲ စစ်ကောင်စီရဲ့ ယန္တရားတွေဖြစ်တဲ့ အုပ်ချုပ်ရေးယန္တရားတွေ၊ စီးပွားရေးအရင်းအမြစ်တွေကို ဖြိုဖျက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် မြို့သိမ်းတိုက်ပွဲတွေ ဆက်လုပ်သွားဖို့ ရှိတယ်” ဟု အညာဒေသ (စစ်ကိုင်းနှင့် မကွေးတိုင်း) အတွင်း လှုပ်ရှားလျက်ရှိသည့် စစ်ကြောင်း (၃) ၏ စစ်ကြောင်းမှူးလည်းဖြစ်သူ ရဲဘော်မင်းဌေးက ပြောပါသည်။ [5]

BNI-Myanmar Peace Monitor ၏ မှတ်တမ်းအရ နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းနှင့် ပြည်နယ် (၁၄) ခုစလုံးမှ မြို့နယ်ပေါင်း (၂၃၂) မြို့နယ်တွင် စစ်ကောင်စီတပ်နှင့် နယ်မြေဒေသအလိုက် တော်လှန် ရေး အင်အားစုများအကြား တိုက်ပွဲများဖြစ်ပွားနေသည်ကို တွေ့ရသည်။ ထိုအချက်သည် နိုင်ငံအတွင်းရှိ မြို့ နယ်အားလုံး၏ (၇၀) ရာခိုင်နှုန်းတွင် တော်လှန်ရေးအင်အားစုများ၏ စစ်မျက်နှာဖွင့်ခြင်းခံနေရသည်ဟု ဆိုနိုင်ပြီး အဆိုပါမြို့နယ်များအတွင်း နယ်မြေစိုးမိုးရေး၊ အပြည့်အဝထိန်းချုပ်ထားနိုင်ရေးအတွက် စစ်ကောင်စီအနေဖြင့် ရုန်းကန်နေရပါသည်။

---

4 အစီရင်ခံစာအတွက် ကရင်နီအမျိုးသားများကာကွယ်ရေးတပ်မတော် (KNDF) ဥက္ကဋ္ဌ ခွန်းဘီထူးနှင့် သီးသန့်အမေးအဖြေ၊ BNI-MPM၊ ၈ နိုဝင်ဘာ ၂၀၂၄


5 အစီရင်ခံစာအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) အလုပ်အမှုဆောင်ကော်မတီဝင် ရဲဘော်မင်းဌေးနှင့် သီးသန့်အမေးအဖြေ၊ BNI-MPM၊ ၂၁ နိုဝင်ဘာ ၂၀၂၄

## သိမ်းပိုက်ထိန်းချုပ်ထားသည့် မြို့များ၏ အရေးပါမှု

တော်လှန်ရေးအင်အားစုများဘက်မှ သိမ်းပိုက်ထိန်းချုပ်ထားသည့် မြို့များကို လေ့လာကြည့်လျှင် စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးနှင့် နယ်စပ်ရေးရာကအစ အလွန်အရေးပါသည့် မြို့များဖြစ်နေပြီး အာဏာသိမ်းစစ်အုပ်စုအတွက် လွန်စွာအထိနာခဲ့သည်ဟု ဆိုရပါမည်။

သိမ်းပိုက်ထိန်းချုပ်ထားသည့် မြို့ပေါင်း (၉၅) မြို့အနက် (၁၈) ရာခိုင်နှုန်း (၁၇ မြို့) သည် ခရိုင်အဆင့်အုပ်ချုပ်ရေးရုံးများ အခြေစိုက်ရာ မြို့များဖြစ်ပြီး (၃၅) ရာခိုင်နှုန်း (၃၃ မြို့) သည် မြို့နယ်အဆင့်အုပ်ချုပ်ရေးရုံးများ အခြေစိုက်ရာမြို့များဖြစ်ရာ မြို့ပေါင်း ၄၅ မြို့သည် မြို့အဆင့် အုပ်ချုပ်ရေးယန္တရားများလည်ပတ်ရာ မြို့များ ဖြစ်ခဲ့သည်ကို တွေ့ရသည်။

ကချင်ပြည်နယ်တွင် မြစ်ကြီးနား၊ ကရင်နီပြည် (ကယား) တွင် လွိုင်ကော်၊ ရခိုင်ပြည်နယ်တွင် စစ်တွေ၊ စစ်ကိုင်းတိုင်းတွင် မုံရွာနှင့် မန္တလေးတိုင်းတွင် မန္တလေးမြို့ စသော အရေးပါသည့် တိုင်းနှင့်ပြည်နယ်အလိုက် မြို့တော်များ၊ မြို့ကြီးများကို စစ်အုပ်စုအနေဖြင့် ဆက်လက်ထိန်းချုပ်သည့်တိုင် တော်လှန်ရေးအင်အားစုများ သိမ်းပိုက်ထိန်းချုပ်ထားသော မြို့ပေါင်း (၉၅) မြို့သည်လည်း စစ်ရေး၊ နိုင်ငံရေးနှင့် စီးပွားရေးအရ အလွန်အရေးပါသည့် မြို့များဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ မြန်မာတစ်နိုင်ငံလုံးရှိ နယ်စပ်ကုန်သွယ်ရေးစခန်း (၁၇) ခုအနက်မှ (၇) ခုကို တော်လှန်ရေးအင်အားစုများဘက်မှ ထိန်းချုပ်ထားနိုင်ခဲ့ပြီး အဆိုပါ ကုန်သွယ်ရေးစခန်းများသည် တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ် စသည့် အိမ်နီးချင်း နိုင်ငံများနှင့် မြန်မာနိုင်ငံအကြား အရေးပါသည့် ကုန်သွယ်ရေးစခန်းများ ဖြစ်ခဲ့သည်။




ထို့အပြင် ရှမ်းမြောက်ဒေသနှင့် ရခိုင်ပြည်နယ်အတွင်းရှိ တရုတ်အစိုးရ၏ စီးပွားရေးစီမံကိန်းလုပ်ငန်းပေါင်း(၂၃)ခုအထိကို တော်လှန်ရေး အင်အားစုများဘက်မှ သိမ်းပိုက်ထိန်းချုပ်ထားသဖြင့် အာဏာသိမ်းစစ်အုပ်စုအပေါ် တရုတ်အစိုးရ၏ ယုံကြည်ကိုးစားမှုသည် သိသာစွာကျဆင်းခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံအတွင်း တရုတ်လူမျိုးများနှင့် စီးပွားရေးလုပ်ငန်းများလုံခြုံရေးအတွက် လုံခြုံရေးကုမ္ပဏီထူထောင်ခွင့်ပြုရေးကို တရုတ်အစိုးရကစစ်ကောင်စီထံ အဆိုပြုထားသည်။ အခြားတဖက်တွင်လည်း တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (ERO) များအား အပစ်အခတ်ရပ်စဲရေး၊ စစ်ကောင်စီနှင့် တွေ့ဆုံဆွေး နွေးရေးအတွက် တရုတ်အစိုးရက ခေါ်ယူဖိအားပေးလျက်ရှိပါသည်။ [6]

[6] ကျရှုံးစစ်အုပ်စုဘက်မှ တရုတ် ဘာကြောင့် ရပ်တည်သလဲ၊ Bi-Weekly News Reviews ၊ BNI-MPM

အခြားတဖက်ရှိ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ် အစိုးရတို့သည်လည်း ရခိုင်ပြည်နယ်အတွင်းရှိ ၎င်းတို့၏ စီးပွားရေး စီမံကိန်းများအပါအဝင် အကျိုးစီးပွားများ လုံခြုံစိတ်ချရေးအတွက် ရခိုင်ပြည်နယ်၏ မြို့နယ်ပေါင်း (၁၄) မြို့ နယ်အထိ သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည့် အာရက္ခတပ်တော် (AA) နှင့် ဆက်ဆံရေးလမ်းကြောင်းများ ဖော်ဆောင်ရမည့် အနေအထားသို့ ရောက်ရှိခဲ့သည်။ အိန္ဒိယအစိုးရအတွက် ကုလားတန်စီမံကိန်းသည် အရေးပါလှသကဲ့သို့ ရိုဟင်ဂျာအရေးသည်လည်း ဘင်္ဂလားဒေ့ရှ်အတွက် အရေးတကြီးဖြေရှင်းရမည့် ကိစ္စရပ်ဖြစ်နေသည် မဟုတ်ပါလား။

၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁၈) ရက်နေ့တွင် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) မှ သိမ်းပိုက်ထိန်းချုပ်ခဲ့သည့် ပန်ဝါမြို့ဆိုလျှင် တရုတ်အစိုးရ၏ သည်းချေကြိုက် "မြေရှား" သတ္တုထွက်ရှိရာ ဒေသဖြစ်ပြီး စီးပွားရေးအရ အလွန်အရေးပါသော မြို့ဖြစ်သည်။ အလားတူ ရတနာမြေဟုတင်စားကြသည့် မန္တလေးတိုင်းအတွင်းမှ မိုးကုတ်မြို့ကို သိမ်းပိုက်ထိန်းချုပ်ထားနိုင်ခြင်းသည်လည်း တအာင်းပလောင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) အတွက် စီးပွားရေးအရ အလွန်အရေးပါသည်ဟု ဆိုရမည်ဖြစ်သည်။

၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် တစ်ဦးဖြစ်သူ ဦးမင်းကိုနိုင်ကတော့ လက်ရှိနွေဦးတော်လှန်ရေးကာလအတွင်း အထင်အရှားတွေ့ရှိနေရသော မြို့သိမ်းဖြစ်စဉ်များအပြင် အခြားသော အရေးကြီးသည့်အရာများ များစွာရှိနေသေးသည်ဟု ဆိုပါသည်။ သူက ယခုလိုရှင်းပြပါသည်။

"မဟာဗျူဟာအရ အရေးပါတဲ့ လမ်းပိုင်းတွေအများကြီးမှာ တော်လှန်ရေးအင်အားစုတွေက လှုပ်ရှားနိုင်ပြီ၊ တချို့နေရာတွေကို အသုံးပြုလို့ရပြီ၊ တချို့နေရာတွေကို ထိန်းချုပ်ထားနိုင်ပြီ။ ပြောရရင်တော့ ပွင့်သွားတာပေါ့၊ ကူးသန်းရေး၊ ပို့ဆောင်ရေးမှာ … အဲဒီလိုသိမ်းပိုက်နိုင်တာ၊ အရေးပါတဲ့ မဟာဗျူဟာလမ်းပိုင်းတွေကို အသုံးပြု နိုင်ပြီဆိုတာဒါ တော်လှန်ရေးအင်အားစုတွေရဲ့ တိုက်ပွဲတွေရဲ့ ရလဒ်တွေပဲ"။ [7]

အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ ကာကွယ်ရေးဝန်ကြီးဌာန (MOD) ၏ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက် (လွတ်လပ်ရေးနေ့) ထုတ်ပြန်ချက်အရ မန္တလေး - ရွှေဘို - မြစ်ကြီးနား ကားလမ်း/ရထားလမ်း၊ မန္တလေး - မတ္တရာ - သပိတ်ကျင်း - ဗန်းမော်လမ်း၊ ပုသိမ် - မုံရွာလမ်း၊ ရန်ကုန်- မော်လမြိုင် - သံဖြူဇရပ် - ရေး - ထားဝယ် - မြိတ် -

---

[7] ဦးမင်းကိုနိုင် နဲ့ မေးမြန်းခန်း၊ လူထုနွေဦး၊ ၃ ဇန်နဝါရီ ၂၀၂၅

ကော့သောင်း လမ်း၊ ပဲခူး - သထုံ - ဘားအံ - မြဝတီလမ်း၊ မုံရွာ - ကလေး - တမူးလမ်း၊ မင်းဘူး - အမ်း - စစ်တွေလမ်း၊ ပြည် - ပန်းတောင်း - တောင်ကုတ်လမ်းတို့၏ အဓိက အစိတ်အပိုင်းများကို တော်လှန်ရေးအင်အားစုများက စိုးမိုးထိန်းချုပ်ထားသည်ဟု ဆိုပါသည်။ ထို့အပြင် ရေကြောင်းလမ်းအဖြစ် ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းစသည့် မြစ်ကြောင်းများ၏ အဓိကအစိတ်အပိုင်းများကို စိုးမိုးထိန်းချုပ်ထားနိုင်သည်ဟု ဆိုပါသည်။ [8]

နယ်မြေထိန်းချုပ်မှုအခြေအနေနှင့်ပတ်သက်ပြီး စစ်အာဏာသိမ်းမှုစတင်ချိန်မှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအထိ မြို့နယ်ပေါင်း (၁၄၄) မြို့နယ်ကို တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့ (ERO) များနှင့် ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) များက စိုးမိုးအုပ်ချုပ်လျက်ရှိပြီး ထိုအထဲမှ မြို့ (၉၅) မြို့ကို အပြီးသတ်သိမ်းပိုက် ထိန်းချုပ်ထားကာ မြို့နယ် (၇၉) မြို့နယ်တွင်တော့ တိုက်ပွဲများဖြစ်ပွားလျက်ရှိသည်ဟု ဆိုပါသည်။ အာဏာသိမ်းစစ်အုပ်စုအနေဖြင့် မြို့နယ်ပေါင်း (၁၀၇) မြို့နယ်ကိုသာ စိုးမိုးအုပ်ချုပ်နိုင်တော့သဖြင့် နိုင်ငံ၏ သုံးပုံတစ်ပုံကိုပင် အုပ်ချုပ်နိုင်ခြင်းမရှိတော့ကြောင်း NUG-MOD က ထုတ်ပြန်ထားသည်။

အာဏာသိမ်းစစ်အုပ်စုသည် ERO များအပါအဝင် တော်လှန်ရေးအင်အားစုများထံ လက်လွှတ်ဆုံးရှုံးခဲ့ရသည့် မြို့အားလုံးကို ပြန်လည်ထိန်းချုပ်သိမ်းပိုက်နိုင်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းလေ့ရှိပါသည်။ အထူးသဖြင့် စစ်ရေးအရ အချက်အခြာကျမှု၊ စီးပွားရေးအရ အရေးပါမှု၊ လက်လွှတ်ဆုံးရှုံးခဲ့ရသည့် နယ်မြေများ၏ နယ်မြေချင်းထိစပ်မှု အခြေအနေနှင့် ထိုဒေသရှိ တော်လှန်ရေးအင်အားစုများ၏ အင်အားစုစည်းမှု စသည့် အကြောင်းအချက်များအပေါ် မူတည်ကာ ဦးစားပေးအဆင့်အလိုက် ကြိုးပမ်းနေသည်ဟု အကြမ်းအားဖြင့် ရှုမြင်နိုင်ပါသည်။ သို့သော်လည်း စစ်အုပ်စုအနေဖြင့် ၎င်းတို့ဆုံးရှုံးလိုက်ရသည့် နယ်မြေများ၊ တပ်စခန်းများ ပြန်လည်ရရှိရေးလုပ်ဆောင်ချက်များကို ကြည့်လျှင် အရပ်သားပြည်သူများအား ပစ်မှတ်ထားတိုက်ခိုက်ခြင်း၊ မြို့ရွာအလိုက် မီးရှို့ဖျက်ဆီးခြင်းနှင့် လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်ခြင်းတို့ကိုသာ အများဆုံးတွေ့ရှိရပါသည်။

တော်လှန်ရေးအင်အားစုများအနေဖြင့် သိမ်းပိုက်ထိန်းချုပ်ထားသည့် မြို့များတွင် အုပ်ချုပ်ရေးယန္တရားများ ချမှတ်ဖော်ဆောင်ခြင်း၊ တရားစီရင်ရေးစနစ်များ တည်ဆောက်ခြင်းတို့ကို ကြိုးစားလုပ်ဆောင်နေသော်လည်း စစ်ကောင်စီ၏ လေကြောင်းရန်က

[8] ၂၀၂၄ ခုနှစ် စစ်ရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေအစီရင်ခံစာ၊ NUG-MOD၊ ၄ ဇန်နဝါရီ ၂၀၂၅

ခြိမ်းခြောက်မှုကြီးမားသည်ဟု ABSDF ၏ စစ်ကြောင်း (၃) စစ်ကြောင်းမှူး ရဲဘော်မင်းဌေးက ဆိုပါသည်။ သူက ယခုလိုလည်း ပြောပါသည်။

“ပြန်လည်ထူထောင်ရေး လုပ်လို့မရသေးဘူး။ (တချို့နေရာတွေက) လမ်းပမ်း ဆက်သွယ်ရေးပိတ်ဆို့နေဆဲပဲ။ စစ်ကောင်စီကလည်း နည်းမျိုးစုံနဲ့ နှောင့်ယှက်နေတာ။ ဒါပေမယ့် ပြည်သူလူထုက တော်လှန်ရေးဘက်မှာရှိနေတဲ့အတွက် ဆက်လက်ထိန်းထား နိုင်တာ။ လေကြောင်းပဲ ကြောက်ရတာ”။ [9]

## နှစ်နှင့်ချီ ကြာမြင့်လာသော သိမ်းပိုက်မြို့များ

BNI-Myanmar Peace Monitor မှတ်တမ်းအရ တော်လှန်ရေးအင်အားစုများ သိမ်းပိုက်ထိန်းချုပ်ထားသည့် မြို့ ပေါင်း (၉၅) မြို့ထဲမှ ၃၉ မြို့ (၄၁ ရာခိုင်နှုန်း) သည် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်ဆိုလျှင် သိမ်းပိုက်ထိန်းချုပ်ထားသည့်ကာလ တစ်နှစ်တင်းတင်း ပြည့်ခဲ့ပြီဖြစ်သည်။ တချို့သောမြို့များသည် တစ်နှစ်ကျော်ကာလအထိပင် ရောက်ရှိခဲ့ပြီ ဖြစ်သည်။




*ကိုးကန့်တပ် MNDAA က ရှမ်းပြည်မြောက်ပိုင်း လားရှိုးမြို့ရှိ စစ်ကောင်စီ၏ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်ကို သိမ်းပိုက်လိုက်သည်။*

---

9 အစီရင်ခံစာအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) အလုပ်အမှုဆောင်ကော်မတီဝင် ရဲဘော်မင်းဌေးနှင့် သီးသန့်အမေးအဖြေ၊ BNI-MPM၊ ၂၁ နိုဝင်ဘာ ၂၀၂၄

ကိုးကန့်တပ်ဖွဲ့ (MNDAA) သည် ၎င်းတို့သိမ်းပိုက်ရရှိထားသည့် လားရှိုးမြို့အပါအဝင် ရှမ်းမြောက်ဒေသရှိ လောက်ကိုင်၊ ကုန်းကြမ်း၊ ကွမ်းလုံ၊ မုံးကိုး၊ သိန္နီ၊ မော်ထိုက်၊ ဖောင်းဆိုင်၊ ချင်းရွှေဟော်နှင့် ကြူကုတ် (ပန်ဆိုင်း) မြို့များကို ကိုးကန့်အထူးဒေသ (၁) အဖြစ် သတ်မှတ်ကာ အထူးဒေသအုပ်ချုပ်ရေးကော်မတီဖွဲ့စည်းပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများ လည်ပတ်နေပြီဖြစ်သည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ (၅) ရက်နေ့သည်ပင် အထူးဒေသ (၁) ၏ ပထမအကြိမ်ပြန်လည်ထူထောင်ရေးနေ့ နှစ်ပတ်လည်နေ့ဖြစ်သည်။ အလားတူ တအာင်းတပ်ဖွဲ့ (TNLA) သည်လည်း ၎င်းတို့သိမ်းပိုက်ရရှိထားသည့် မြို့ (၁၂) မြို့အပါအဝင် TNLA အခြေစိုက်သော နယ်မြေဒေသများအတွင်း လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဘဝဖွံ့ဖြိုးရေးကိစ္စ များကို စီမံအုပ်ချုပ်သွားမည် ဖြစ်ကြောင်း ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။

ထို့အပြင် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF/TNLA) အနေဖြင့် တအာင်းနိုင်ငံရေးအတိုင်ပင်ခံ ကော်မတီ (TPCC) ဦးဆောင်ရေးဆွဲသည့် နိုင်ငံရေးလမ်းပြ မြေပုံအတိုင်း တော်လှန်ရေးအင်အားစု၊ နိုင်ငံရေးပါတီနှင့် အရပ်ဖက်အဖွဲ့အစည်းများကို အခြေပြုပြီး "တော်လှန်ရေးကာလအစိုးရအစီအမံ" အား အတည်ပြုကာ ပြည်သူ့အစိုးရ တရပ် အမြန်ဆုံးပေါ်ပေါက်လာရန် ကြိုးပမ်းသွားမည်ဟုလည်း ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်၊ (၆၂) ကြိမ်မြောက် တအာင်းအမျိုးသားတော်လှန်ရေးနေ့တွင် ထုတ်ပြန်ကြေညာ ခဲ့ပါသည်။


မြို့ပေါင်း (၁၅) မြို့အထိ သိမ်းပိုက်ထိန်းချုပ်ထားသည့် ကချင်လွတ်လပ်ရေး တပ်မတော် (KIO/KIA) ဆိုလျှင်လည်း သိမ်းပိုက်ရရှိထားသည့် နယ်စပ်ဒေသများအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် ခိုင်မာသည့် အုပ်ချုပ်ရေးယန္တရားများ တည်ဆောက် နေပြီဟု KIO ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးအင်ဘန်လကာ ဆိုပါသည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ (၁) ရက်၊ နှစ်သစ်ကူးမိန့်ခွန်းတွင် ဗိုလ်ချုပ်ကြီးက ယခုလိုပြောဆိုခဲ့သည်။

"၂၀၂၄ ခုနှစ်အတွင်းမှာ ကချင်ပြည်နယ်နဲ့ တရုတ်နယ်စပ်တကြောက စစ်ကောင်စီ တပ်စခန်းနဲ့ပြည်သူ့စစ် တပ်စခန်းတွေ သိမ်းပိုက်ရှင်းလင်းလိုက်တာကို ပြည်သူလူထုအားလုံး လည်း မြင်တွေ့မယ်လို့ထင်ပါတယ်။ KIO/ KIA အနေနဲ့ လက်ရှိဖြစ်နေတဲ့ နိုင်ငံရေးအခြေ အနေကို အခြေပြုပြီးတော့ နယ်စပ်ဒေသအားလုံးမှာ ငြိမ်းချမ်းသာယာသွားတဲ့အထိ တည်ဆောက်နိုင်ဖို့ လုပ်ဆောင်နေပြီဖြစ်တယ်။ ဒီလိုအရေးကြီးတဲ့ လုပ်ငန်းဆောင်ရွက်နေ တဲ့အခါမှာ ပြည်သူလူထုအားလုံးပါဝင်ဖို့လည်း ဖိတ်ခေါ်လိုက်ပါတယ်။ မြို့နေရာတွေကို

ပြန်လည်တည်ဆောက်တဲ့အခါမှာ အသက်အရွယ်ရသေးတဲ့ လူငယ်တွေ၊ ခေတ်မီပညာတတ်တဲ့သူတွေ၊ ကျန်းမာရေးကောင်းမွန်သူတွေ စိတ်ရှုပ်ထွေးတာတွေမရှိဘဲ အတူတကွ ပူးပေါင်းပါဝင်လာဖို့၊ ဒေသကို ချစ်မြတ်နိုးတဲ့စိတ်ဆန္ဒနဲ့ ဝင်ရောက်လာ ဖို့ နှိုးဆော်လိုက်ပါတယ်"။ [10]


ဆိုရသော် ကချင်နီ (ကယား)ဒေသအတွင်းရှိ တော်လှန်ရေးအင်အားစုများ ဖြစ်စေ၊ ချင်းပြည်နယ်အတွင်းရှိ တော်လှန်ရေးအင်အားစုများ ဖြစ်စေ၊ ရခိုင်ပြည်နယ်ရှိ အာရက္ခတပ်တော် (ULA/AA) ဖြစ်စေ၊ အမျိုးသားညီ ညွတ်ရေးအစိုးရ (NUG) ဖြစ်စေ ၎င်းတို့သိမ်းပိုက်ထိန်းချုပ်ထားသည့် နယ်မြေများ၊ စိုးမိုးနယ်မြေများအတွင်း အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးယန္တရားများ လည်ပတ်နိုင်ရေးအတွက် ပြင်ဆင်တည်ဆောက်နေကြသကဲ့သို့ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှု၊ ထောက်ခံမှုရရှိရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းနေကြပြီဖြစ်သည်။ အာဏာသိမ်းစစ်အုပ်စုကမူ ၎င်းတို့လက်လွှတ်ဆုံးရှုံးခဲ့ရသည့် မြို့များ၊ ကျေးရွာများအား လေကြောင်းမှတဆင့် ပုံးကြဲတိုက်ခိုက်ဖျက်ဆီးမှုကိုသာ စွမ်းဆောင်နိုင်တော့သည်ဟု ဆိုရမည်ဖြစ်သည်။

## လေကြောင်းတိုက်ခိုက်မှုများ၏ ပစ်မှတ်အုပ်စုများ




10 ကချင်နယ်စပ်ဒေသ တည်ငြိမ်ရေးလုပ်ငန်းစဉ်တွေမှာ လူထုအင်အား ပူးပေါင်းပါဝင်ဖို့ KIO ဥက္ကဋ္ဌ ဖိတ်ခေါ်၊ KNG ၊ ၂ ဇန်နဝါရီ ၂၀၂၅

## နှစ်အလိုက် လေကြောင်းတိုက်ခိုက်မှု




**၄ နှစ်နီးပါးကာလအတွင်း စစ်ကောင်စီတပ်၏ လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်မှုများသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးမြှင့်လုပ်ဆောင်လာခဲ့ရာ ၂၀၂၄ ခုနှစ်သည် လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်မှု အများဆုံးနှစ် အဖြစ် တွေ့ရှိရပြီး ထိုနှစ်အတွင်းတွင်ပင် မြို့ပေါင်း (၆၅) မြို့ကို တော်လှန်ရေးအင်အားစုများထံ လက်လွှတ်ဆုံးရှုံး ထားခဲ့ရ ခြင်း ဖြစ်သည်။**

BNI - Myanmar Peace Monitor ၏ လေကြောင်းတိုက်ခိုက်မှုဆိုင်ရာ အချက်အလက်များအရ စစ်အာဏာသိမ်းကာလစတင်ချိန်မှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလကုန်အထိ နိုင်ငံတဝှမ်းစစ်ကောင်စီတပ်၏ လေကြောင်းတိုက်ခိုက်မှု ဖြစ်စဉ်ပေါင်း (၁၇၆၇) ခု ရှိခဲ့ပြီး အဆိုပါဖြစ်စဉ်များ၏ (၄၇) ရာခိုင်နှုန်းသည် အရပ်သားပြည်သူများအပေါ် ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ လေကြောင်းတိုက်ခိုက်မှု ဖြစ်စဉ်များ၏ (၃၆) ရာခိုင်နှုန်းသည် ERO များအပေါ် ပစ်မှတ်ထားပြီး (၁၇) ရာခိုင်နှုန်းသည် မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF-LDF) အပေါ် ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်ကို တွေ့ရသည်။ ထူးခြားဖြစ်စဉ်အဖြစ် ၎င်းတို့၏လက်အောက်တပ်သားများကို မှားယွင်းကာ ဗုံးကြဲတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်အချို့လည်း တွေ့ရှိရပါသည်။ [11]

[11] Military Junta’s Airstrikes in Myanmar, BNI-MPM, 31 Dec 2024

၂၀၂၁ ခုနှစ်၊ စစ်အာဏာသိမ်းချိန်မှ ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းအထိ ၄ နှစ်နီးပါးကာလ အတွင်း စစ်ကောင်စီတပ်၏ လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်မှုများသည် တစ်နှစ်ထက် တစ်နှစ် ပိုမိုတိုးမြှင့်လုပ်ဆောင်လာခဲ့ရာ ၂၀၂၄ ခုနှစ်သည် လေကြောင်းမှတဆင့် ဗုံးကြဲ တိုက်ခိုက်မှုအများဆုံးနှစ်အဖြစ် တွေ့ရှိရပြီး ထိုနှစ်အတွင်းတွင်ပင် မြို့ပေါင်း (၆၅) မြို့ကို တော်လှန်ရေးအင်အားစုများထံ လက်လွှတ်ဆုံးရှုံးထားခဲ့ရခြင်း ဖြစ်သည်။ ထို့ကြောင့် တော်လှန်ရေးအင်အားစုများထံ လက်လွှတ်ဆုံးရှုံးခဲ့ရသည့် မြို့များ၊ စစ်စခန်းများပြန်လည် ရရှိရေးအတွက် စစ်ကောင်စီတပ်၏ လေကြောင်းတိုက်ခိုက်မှုများသည် အထောက်အကူပြု သည့်နည်းလမ်းမဟုတ်ကြောင်း ထင်ရှားစေပါသည်။

အမေရိကန်ပြည်ထောင်စုငြိမ်းချမ်းရေးအင်စတီကျူ (USIP) တွင် ဧည့်ပညာရှင်အဖြစ် လုပ်ဆောင်နေသည့် စစ်ရေးလေ့လာသုံးသပ်သူ ကိုရဲမျိုးဟိန်းက "လေယာဉ်နဲ့ ဗုံးကြဲတာ တွေရဲ့ အဓိကပစ်မှတ်ထားတာက အရပ်သားတွေ၊ အရပ်သားနယ်မြေတွေပဲ။ အဲဒီတော့ လေယာဉ်နဲ့ ဗုံးကြဲ(ခံရ)တဲ့ အရပ်သားတွေ၊ ပြည်သူတွေရဲ့ နာကျည်း စိတ်က ပိုနက်ရှိုင်းလာ တယ်။ အဲလိုအခြေအနေမျိုးနဲ့တော့ စစ်ပွဲကို အသာရဖို့၊ နယ်မြေတွေ ပြန်သိမ်းပိုက်နိုင်ဖို့ ဆိုတာ မဖြစ်နိုင်သလောက်အခြေအနေမျိုးပဲ" ဟု ရှုမြင်ပါသည်။ သူက ယခုလိုလည်း ပြော ပါသည်။

"အခုအခြေအနေမျိုးမှာ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအင်အားစုတွေ ဘက်က သူတို့သိမ်းပိုက်ထားတဲ့ နယ်မြေတွေကို သူတို့ကိုယ်တိုင် မစွန့်လွှတ်ရင်တော့ ပြန်သိမ်းပိုက်နိုင်ဖို့ မလွယ်သေးတဲ့အခြေအနေမျိုး လို့ပဲ ပြောချင်ပါတယ်"။ [12]

[12] မြန်မာ့ပြည်တွင်းစစ် ၂၀၂၅ လားရာ၊ ဘီဘီစီ၊ ၁၉ ဇန်နဝါရီ ၂၀၂၄



*မီးလောင်ပြင်များကြားမှ ကောလင်းမြို့ကို ၂၀၂၄ ဖေဖော်ဝါရီလအတွင်းက တွေ့ရစဉ် (ဓာတ်ပုံ - Kawlin Revolution-KR)*

## စစ်အုပ်စု ပြန်လည်ထိန်းချုပ်သွားသည့် မြို့များ

၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၆ ရက်တွင် တော်လှန်ရေးအင်အားစုများဘက်မှ သိမ်းပိုက်ထိန်းချုပ်ခဲ့သည့် စစ်ကိုင်းတိုင်း ကောလင်းမြို့သည် စစ်ကောင်စီထံ ပြန်လည်လက်လွှတ်လိုက်ရသော ပထမဆုံးမြို့ဖြစ်သည်။

ကောလင်း မြို့သိမ်းတိုက်ပွဲအတွင်း NUG ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်ခံပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF)ခရိုင်တပ်ရင်းများ၊ ကချင်လွတ်လပ်ရေးတပ်မတော် (KIA)၊ အာရက္ခတပ်တော် (AA) အပါအဝင် အခြားသော ဒေသကာကွယ်ရေးတပ်များ ပေါင်းစုကာ တိုက်ခိုက်သိမ်းပိုက်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကောလင်းမြို့ ပြည်သူ့အုပ်ချုပ်ရေး စတင်ကြောင်း NUG က ကြေညာခဲ့သည်။ ကောလင်းခရိုင် အရေးပေါ်အုပ်ချုပ်ရေးဆိုင်ရာ ခရိုင်ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့က အုပ်ချုပ်ရေးဆိုင်ရာများကိုဆောင်ရွက်ပြီး NUG ၏ လက်အောက်ရှိ PDF တပ်ရင်းများ၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့(ပကဖ)၊ ပြည်သူ့လုံခြုံရေး အဖွဲ့(ပလဖ) ပြည်သူ့ရဲတပ်ဖွဲ့တို့က ကာကွယ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ [13]

အာဏာသိမ်းစစ်အုပ်စုသည် ကောလင်းမြို့သို့ ဝင်ရောက်သည့် အဓိကလမ်းမကြီးဖြစ်သော ကျောက်တန်းလမ်းဆုံကို ပိတ်ဆို့ကာ အင်းတော်၊ ကသာ၊ မန္တလေးစသည့်

---

[13] ကောလင်းမှာ ပြည်သူ့အုပ်ချုပ်ရေးစတင်ကြောင်း NUG ကြေညာ၊ အာအက်ဖ်အေ၊ ၃ ဒီဇင်ဘာ ၂၀၂၃

ကားဝန်းများမှ ကောလင်းမြို့ဘက်ထွက်မည့် ကုန်တင်ယာဉ်၊ ခရီးသည်တင်အားလုံးကို ဒီဇင်ဘာ ၂၃ ရက်မှ စတင်ပြီး တားမြစ်ပိတ်ပင်ခဲ့သည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှစတင်ပြီး အာဏာသိမ်းစစ်အုပ်စု၏ ကောလင်းမြို့ပြန်ရရေး ထိုးစစ်ဆင်မှုများကို စတင်တွေ့ရှိရသည်။ ကောလင်းမြို့ပေါ်သို့ လက်နက်ကြီးများ ပစ်ခတ်ခြင်း၊ လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်ခြင်းနှင့် မြေပြင်စစ်ကြောင်းများခွဲဖြန့်ကာ အင်အားအလုံးအရင်းဖြင့် ထိုးစစ်ဆင်ခဲ့ပါသည်။ ဖေဖော်ဝါရီ ၁၂ ရက်တွင်တော့ ကောလင်းမြို့ကို အာဏာသိမ်းစစ်အုပ်စုက ပြန်လည်ထိန်းချုပ်သွားနိုင်ခဲ့ပြီး မြို့ပေါ်ရပ်ကွက်များအတွင်း နယ်မြေ ရှင်းလင်းရေးအကြောင်းပြကာ စစ်ကောင်စီတပ်များက မီးရှို့ဖျက်ဆီးခဲ့သည်။ လုံခြုံရေးအရ အမည်မဖော်လိုသည့် ဒေသခံတစ်ဦးက ယခုလိုပြောပြသည်။

"ကျွန်တော်တို့ကောလင်းမြို့မှာ မြို့ပေါ်ရှစ်ရပ်ကွက်ရှိတယ်၊ အဲဒီရှစ်ရပ်ကွက်လုံး မီးရှို့ခံရတယ်၊ ကျန်တယ်လို့ ယူဆရတဲ့နေရာတွေက ကျွန်တော်တို့လဲ ဓာတ်ပုံကိုကြည့်ပြီး ပြောရတာဆိုတော့ အခိုင်အမာအဆောက်အဦးရှိတဲ့နေရာတွေ ကျန်တယ်ဗျ၊ အဲဒီနေရာတွေကို တပ်တွေချထားပြီးတော့မှ သူတို့မြင်ကွင်းမရှင်းတဲ့ ဧရိယာတွေကို အကုန်လုံးမီးရှို့တာ ပေါ့နော်၊ ရှင်းရှင်းလေးပြောရင် သူတို့နေတဲ့နေရာကလွဲပြီး အကုန်လုံးကို မီးရှို့ပစ်တာ"။ [14]

မန္တလေး - မြစ်ကြီးနားရထားလမ်းပေါ်တွင် တည်ရှိသည့် ကောလင်းမြို့သည် ကချင်၊ စစ်ကိုင်းနှင့် မန္တလေးအတွက်သော်လည်းကောင်း၊ ချင်း၊ မကွေးနှင့် ရခိုင်ဒေသအတွက် သော်လည်းကောင်း ဆက်သွယ်ရေးအရ အရေးပါသည့် မြို့ဖြစ်သည်နှင့်အညီ တော်လှန်ရေးအင်အားစုများအတွက်ရော၊ စစ်ကောင်စီအတွက်ပါ အလွန်အရေးပါပြီး အချက်အခြာကျသည့် မြို့ဖြစ်ပါသည်။

မြဝတီမြို့စောင့်တပ် ခေါ် စစ်ကောင်စီလက်အောက်ခံ ခြေမြန်တပ်ရင်း (ခမရ-၂၇၅) ကို ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) မှ ဦးဆောင်ပြီး ကရင်အမျိုးသား ကာကွယ်ရေးတပ်ဖွဲ့ (KNDO) နှင့် ဒေသတွင်း တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့တို့က ၂၀၂၄ ခုနှစ် ဧပြီလ (၈) ရက်တွင် စတင်ထိုးစစ်ဆင်ခဲ့ပြီး ဧပြီလ (၁၁) ရက် နံနက် ၄ နာရီ ၂၀မိနစ် တွင် အဆိုပါ ခမရ–၂၇၅ တပ်စခန်းအား အပြီးသတ်သိမ်းပိုက်နိုင်ခဲ့သည်။

[14] ကောလင်းတစ်မြို့လုံးနီးပါး မီးရှို့ဖျက်ဆီးခံထားရ၊ အာအက်ဖ်အေ၊ ၂၄ ဖေဖော်ဝါရီ ၂၀၂၄



*ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် လက်အောက်ခံ ကော်ဘရာစစ်ကြောင်းမှ တပ်သားတစ်ဦး ထိုင်း-မြန်မာနယ်စပ် မြဝတီမြို့ သက်န်းညီနောင်ရှိ စစ်ကောင်စီတပ်စခန်းတွင် ကရင်အမျိုးသားအလံကို လွှင့်တင်နေစဉ် (Photo - REUTRES)*

အာဏာသိမ်းစစ်ကောင်စီတပ်များသည် မြဝတီမြို့ ပြန်လည်ထိန်းချုပ်နိုင်ရေးအတွက် ကော့ကရိတ် - အာရှလမ်း၊ အောက်ပိုလ်တဲ (လမ်းဟောင်း) နှင့် ထို့ကော်ကိုးလမ်းများကို အသုံးပြုကာ ထိုးဖောက်ဝင်ရောက်နိုင်ရေး အပြင်းအထန်ကြိုးပမ်းခဲ့သည်။ ဧပြီလ ၂၁ ရက်တွင်တော့ KNLA နှင့် တော်လှန်ရေးပူးပေါင်းတပ်များသည် မြဝတီမြို့ ချစ်ကြည်ရေးတံတားမှ ဆုတ်ခွာခဲ့သည်။ ထို့နောက် ဧပြီလ ၂၃ ရက်တွင် အဆိုပါတံတား၌ တပ်စွဲထားသည့် စစ်ကောင်စီတပ်သားများသည် နယ်ခြားစောင့်တပ် (BGF) တဖြစ်လည်း ဗိုလ်မှူးကြီးစောချစ်သူ ဦးဆောင်သည့် ကရင်အမျိုးသားတပ်မတော် (KNA) ၏ အကူအညီဖြင့် ခမရ -၂၇၅ တွင် ပြန်လည်ဝင်ရောက်ကာမြန်မာနိုင်ငံအလံလွှင့်ထူပြီး ပြန်လည်အထိုင်ချသွားခဲ့သည်။

ထို့ကြောင့် မြဝတီမြို့သည် ရက်ပိုင်းမျှသာ သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး စစ်ကောင်စီဘက်မှ ပြန်လည်ထိန်းချုပ်သွားခဲ့သည့် ဒုတိယမြောက်မြို့ ဖြစ်ခဲ့သည်။ သို့သော် စစ်ကောင်စီသည် မြဝတီမြို့ကို အလုံးစုံထိန်းချုပ်နိုင်သည့် အခြေအနေမျိုးမဟုတ်ဘဲ အာရှလမ်းမကြီးအပါအဝင် မြဝတီမြို့ဝန်းကျင်တခုလုံးကို KNLA နှင့် တော်လှန်ရေး ပူးပေါင်းတပ်များက ဝန်းရံပိတ်ဆို့ထားဆဲဖြစ်သည်။ KNU ပြောခွင့်ရ ပဒိုစောတောနီးကတော့ ယခုလိုပဲ ပြောပါသည်။

"အဓိကအချက်ကတော့ စစ်ကောင်စီ ဖန်တီးနေတဲ့ ထောင်ချောက်ကို မကျဆင်းရေးအတွက် ခုန်မဆင်းရေးအတွက် ကျနော်တို့ ရှောင်ထွက်သွားရတာပဲဖြစ်တယ်"။ [15]

---

[15] စစ်ကောင်စီ၏ ထောင်ချောက်တွင်း မကျရောက်စေရန် မြဝတီမြို့မှ ရှောင်ထွက်သွားရခြင်း ဖြစ်ကြောင်း KNU ပြော၊ ကေအိုင်စီ၊ ၂၄ ဧပြီ ၂၀၂၄

၂၀၂၄ ခုနှစ် နှစ်ဆန်းပိုင်းတွင်မှ စစ်အာဏာရှင်စနစ် အမြစ်ပြတ်ရေးအတွက် ချီတက်မည့်အကြောင်း ထုတ်ပြန်လှုပ်ရှားလာသည့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (PNLO / PNLA) သည် ဇန်ဝါရီလ ၂၈ ရက်နေ့ တွင် ရှမ်းပြည်နယ်တောင်ပိုင်းရှိ ဆီဆိုင်မြို့ကို သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။ ကရင်နီတော်လှန်ရေးတပ်များ အားကောင်းရာ ကရင်နီ(ကယား) ပြည်နယ်နှင့် အလွန်နီးစပ်နေသည့်အတွက် စစ်ရေးအရ အလွန်အရေးပါသည့်ဆီဆိုင်မြို့ ပြန်လည်ထိန်းချုပ်နိုင်ရေးအတွက် စစ်ကောင်စီက လက်နက်ကြီးပစ်ကူ အပြင် လေကြောင်းမှတဆင့် ပုံးကြဲတိုက်ခိုက်မှုများကို အရှိန်အဟုန်မြှင့်ကြိုးပမ်းခဲ့ပါသည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ပါဝင်နေသည့် ဆီဆိုင်မြို့နယ်အတွင်း စစ်ကောင်စီတပ်အပြင် ဦးအောင်ခမ်းထီးဦးဆောင်သည့် ပအိုဝ်းပြည်သူ့စစ် (PNO/PNA) ကိုပါ PNLO/PNLA အနေဖြင့် စစ်ရေးအရ ရင်ဆိုင်ခဲ့ရပါသည်။၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့၊ ညနေပိုင်းတွင်တော့ ဆီဆိုင်မြို့နယ်ကို စစ်ကောင်စီလက်အောက်ခံ ပအိုဝ်းပြည်သူ့ အဖွဲ့ (PNO/PNA) က ပြန်လည်သိမ်းပိုက်ထိန်းချုပ်သွားခဲ့ပါသည်။ [16] အာဏာသိမ်းစစ်အုပ်စုသည် ဆီဆိုင်မြို့အား တော်လှန်ရေးအင်အားစုများထံမှပြန်လည်ရရှိရေးအတွက် လေကြောင်း မှတဆင့် ပုံးကြဲတိုက်ခိုက်မှုများအပြင် ဒေသတွင်း အင်အားကောင်းသည့် ပအိုဝ်းပြည်သူ့စစ်အဖွဲ့ (PNO) ကို အသုံးချခဲ့သည်ဟု ဆိုရပါမည်။

ဆီဆိုင်ဒေသ စစ်ဘေးရှောင်အမျိုးသမီးတစ်ဦးက "ပအိုဝ်းလက်နက်ကိုင်အချင်းချင်း စည်းလုံးစေချင်တယ်။ အရင်ကလိုပဲ နယ်မြေသတ်မှတ်ပြီး အေးအေးချမ်းချမ်းနဲ့ အုပ်ချုပ်စေချင်တယ်။ ဆီဆိုင်က ပြန်ပြီး စစ်ဖြစ်လာမဲ့ အနေအထားရှိတယ်။ ပထမတစ်ခါ ပြေးရတာ တောင် အခုအိမ်မပြန်နိုင်သေးဘူး။ ဒုတိယတစ်ခါ ပြည်သူတွေ ထပ်ပြေးရရင်တော့ မလွယ်ဘူး" ဟု ပြောပါသည်။

အာဏာသိမ်းစစ်အုပ်စုနှင့် အပေါင်းအပါများ ပြန်လည်ထိန်းချုပ်သွားသည့်ကောလင်း၊ မြဝတီနှင့် ဆီဆိုင်မြို့ ဖြစ်စဉ်များကို လေ့လာကြည့်ပါက စစ်ကောင်စီတပ်သည် မြေပြင်မှ လက်နက်ကြီးပစ်ခတ်ခြင်း၊ ဝေဟင်မှ ပုံးကြဲတိုက်ခိုက်ခြင်းနှင့် မြို့ရွာများအား မီးရှို့ဖျက်ဆီးခြင်းကဲ့သို့သော မြို့ဖျက်ရွာဖျက်နည်းဗျူဟာကို အသုံးပြုသကဲ့ သို့ အဆိုပါဒေသအတွင်းရှိ ၎င်းတို့၏ လက်အောက်ခံပြည်သူ့စစ်အဖွဲ့များ၊ BGFကဲ့သို့သောနယ်ခြားစောင့်တပ်များကိုပါ ထိရောက်စွာအသုံးချခဲ့သည်ကို တွေ့ရပါသည်။

[16] စစ်ကောင်စီ၏ ဘက်တော်သား PNO က ဆီဆိုင်ကို ပြန်လည်ထိန်းချုပ်၊ သျှမ်းသံတော်ဆင့်၊ ၁၄ ဇန်နဝါရီ ၂၀၂၅

## မအောင်မြင်သော မြို့သိမ်းဖြစ်စဉ်များ

၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၈ ရက် နံနက်ပိုင်းတွေကို စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့ကို တော်လှန်ရေးအင်အားစုများဘက်မှ သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သော်လည်း နာရီပိုင်းအကြာတွင်ပင် စစ်ကောင်စီတပ်က ပြန်လည်ထိန်းချုပ်နိုင် ခဲ့သဖြင့် ဒီပဲယင်းမြို့သိမ်းဖြစ်စဉ်သည် မအောင်မြင်သော မြို့သိမ်းဖြစ်စဉ်အဖြစ် ညွှန်းဆိုနိုင်ပါသည်။



*ဒီပဲယင်းမြို့တွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်ဖွဲ့ဝင်များကို သုံးရက်ကြာ တိုက်ခိုက်ပြီး မြို့ကို သိမ်းပိုက်နိုင်ခဲ့စဉ် (ဓာတ်ပုံ – 96 soldiers PDF)*

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) လက်အောက်ခံ ခရိုင် တပ်ရင်းများ၊ ဒီပဲယင်း၊ ရေဦးနှင့် ဘုတလင် စသော မြို့နယ် ပြည်သူ့ကာကွယ်ရေးအဖွဲ့ (ပကဖ) နှင့် 96 soldiers အဖွဲ့ကဲ့ သို့သောဒေသတွင်းတော်လှန်ရေးအင်အားစုများပူးပေါင်းကာ အနောက်မြောက်တိုင်း စစ်ဌာနချုပ် (နမခ) အခြေစိုက်ရာ မုံရွာမြို့နှင့် မိုင် ၄၀ ကျော်သာ ကွာဝေးသည့် ဒီပဲယင်းမြို့ကို ဩဂုတ် ၁၅ ရက် ညနေပိုင်းမှ စတင်တိုက်ခိုက်ပြီး သုံး ရက်အကြာတွင် မြို့ကို သိမ်းပိုက်နိုင်ခဲ့ခြင်းဖြစ်သည်။ သို့သော် စစ်ကိုင်းတိုင်း၏ မြို့တော် မုံရွာမြို့ကိုပင် စစ်ရေးအရ ခြိမ်းခြောက်နိုင်သည့် ဒီပဲယင်းမြို့အား လက်မလွှတ်ရရေးအတွက် အာဏာသိမ်းစစ်အုပ်စုသည် တိုင်းစစ်ဌာနချုပ်အပါအဝင် မန္တလေးနန်းတွင်းရှိ အမှတ် (၇၀၄) ခြေမြန်တပ်ရင်းတို့မှ တပ်သားများအား ရဟတ်ယာဉ်ဖြင့်သယ်ဆောင်ကာ အလျင်အမြန် အင်အားဖြည့်တင်းခဲ့သည်။ တဆက်တည်းတွင် ဂျက်ဖိုက်တာ၊ Mi 35 တို့ဖြင့် လေကြောင်းမှတဆင့် ပုံးကြဲတိုက်ခိုက်ခဲ့ပါသည်။

ဒီပဲယင်းမြို့သိမ်းတိုက်ပွဲအတွင်း စစ်ကောင်စီလက်အောက်ခံ ပျူစောထီးပြည်သူ့စစ်အဖွဲ့ဝင် ၂ ဦး၊ Non-CDM ဝန်ထမ်း (အာဏာသိမ်းကာလအတွင်း စစ်ကောင်စီယန္တရားအတွင်း တာဝန်ထမ်းနေသည့် ဝန်ထမ်း) များနှင့် ၎င်းတို့၏ မိသားစုဝင်များ အပါအဝင် အလံဖြူထောင်လက်နက်ချခဲ့သည့် စစ်ကောင်စီတပ်သား (၁၂၀) ကျော်ကို ထိန်းသိမ်းခဲ့ပြီး လက်နက်ခဲယမ်းအများအပြား သိမ်းဆည်းရရှိခဲ့သော်လည်း တော်လှန်ရေးအင်အားစုများအနေဖြင့် စစ်အုပ်စု၏ မြေပြင်ဝေဟင်တန်ပြန်ထိုးစစ်အရှိန်ကြောင့် မြို့မှဆုတ်ခွာပေးခဲ့ရပါသည်။ မြို့သိမ်းတိုက်ပွဲအတွင်း ပူးပေါင်းပါဝင်တိုက်ခိုက်ခဲ့သော 96 soldiers အဖွဲ့ တာဝန်ခံ ကိုဇေယျာလွင်က ယခုလိုပြောပါသည်။

"သိမ်းပြီးတဲ့နောက်မှာ ဒီမြို့ကို ဘယ်လိုဆက်ပြီးတော့ ပါဝင်တိုက်ခိုက်ခဲ့တဲ့အဖွဲ့တွေက အတူတကွ ဆက်ပြီးတော့ ဘယ်အပိုင်းကဏ္ဍတွေ ဒီပဲယင်းမြို့ရဲ့ အရှေ့အနောက်တောင်မြောက် ဘယ်လိုကာကင်းတွေယူကြမလဲ။ ဘယ်လိုခံစစ်ပြင်ပြီးတော့ စစ်ရေးအရ ပြန်ထိန်းသိမ်းမယ်ဆိုတဲ့ Plan (အစီအစဉ်) မျိုးတွေ လေ့ကျင့်ပြင်ဆင်ထားတာမျိုးမရှိထားဘူး"။ [17]

တော်လှန်ရေးအင်အားစုများအတွက် လက်နက်ခဲယမ်းမလုံလောက်မှု၊ စစ်ကောင်စီတပ်၏ လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်မှုတို့သည် သိမ်းပိုက်ထားသည့်မြို့ကို ရေရှည်ထိန်းထားနိုင်ရေးအတွက် အဓိကအခက်အခဲများ ဖြစ်ခဲ့သည်ဟု ကိုဇေယျာလွင်က သုံးသပ်ပါသည်။

မုံရွာအခြေစိုက် အနောက်မြောက်တိုင်းစစ်ဌာနချုပ် (နမခ)နှင့် မိုင် ၄၀ ခန့်သာကွာဝေးသည့် တော်လှန်ရေးအင်အားစုများ၏ ပုလဲမြို့သိမ်းတိုက်ပွဲသည်လည်း ဒုတိယမြောက် မအောင်မြင်သော မြို့သိမ်းဖြစ်စဉ်တစ်ခုဖြစ်ပါသည်။ ဗိုလ်နဂါးဦးဆောင်သည့် ဗမာအမျိုးသားတော်လှန်ရေးတပ်မတော် (BNRA)၊ ဝက်လက်မြို့နယ် အခြေ စိုက် ဂျန်ဇီလူငယ်မျိုးဆက်တပ်တော် (Generation Z Army - GZA)နှင့် မကွေးတိုင်း ရေစကြိုမြို့နယ် အခြေစိုက် Southern YSO - PDF တို့ ပူးပေါင်းကာ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်တွင် စတင်တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ချင်းညီနောင်စစ်ဆင်ရေး (CB Operation) နှင့်လည်း Coordinated Movement အဖြစ် ချိတ်ဆက်ထားသည်ဟု ဆိုပါသည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်၊ BNRA ၏ ထုတ်ပြန်ချက်တွင်တော့ ၎င်းတို့ အနေဖြင့် စစ်ကောင်စီတပ်၏ နောက်ဆုံးခံတပ်ဖြစ်သော အထွေထွေအုပ်ချုပ်ရေးမှူးရုံးနှင့် မြို့မ

[17] အသိမ်းခံရသည့် ဒီပဲယင်းမြို့ကို စစ်ကောင်စီပြန်လည်ထိန်းချုပ်၊ မြန်မာနောင်း၊ ၁၉ ဩဂုတ် ၂၀၂၄

ရဲစခန်းတို့အား အချိန်တိုအတွင်း သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး မြေပြင်စစ်ကူနှင့် ဖြတ်တောက်ခြင်းလုပ်ငန်းများကို အဘက်ဘက်မှပြင်ဆင်နိုင်ခဲ့သော်လည်း စစ်ကောင်စီ၏ ဝေဟင်ဖြင့် တပ်အင်အားစစ်ကူချခြင်း၊ ဝေဟင်မှ ပစ်ကူပေးခြင်းများကို ဖြတ်တောက်ရန် ခက်ခဲခဲ့သောကြောင့် နိုဝင်ဘာလ ၁၄ ရက် စစ်ဆင်ရေးစတုတ္ထမြောက်ရက် ညနေပိုင်းတွင် မြို့ပေါ်မှ ပြန်လည် ဆုတ်ခွာပေးခဲ့ရသည်ဟု ဖော်ပြထားသည်။ [18]

၂၀၂၄ ခုနှစ် ဇူလိုင်လ ၇ ရက်ကလည်း ပုလဲမြို့ပေါ်ရှိ စစ်ကောင်စီတပ်စွဲရာ စုပေါင်းရုံးနှင့် ရဲစခန်းများကို ဒေသတွင်း ကာကွယ်ရေးပူးပေါင်းတပ်များက သွားရောက်တိုက်ခိုက်ခဲ့ပြီး မြို့ကို နာရီပိုင်းအကြာ သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ဖူးပါသည်။ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA) အနောက်မြောက်စစ်ဒေသနှင့်အတူ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) - Column 3 တပ်ရင်း ၁၄ (ချင်းတွင်းဒေသ)၊ ဗမာ့လွတ်မြောက်ရေးဒီမိုကရက်တစ်တပ်ဦး(BLDF)၊ ဒေါင်းနက် နယ်စည်းမခြားပြောက်ကျားတပ်ဖွဲ့၊ ရပ်ရွာတော်လှန်ရေးတပ်ဖွဲ့ဝင်များ ပူးပေါင်းတိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး တိုက်ပွဲဖြစ်ပွားချိန် ကြာမြင့်လာသည်နှင့်အမျှ လက်နက် ခဲယမ်းလျော့နည်းလာခြင်းနှင့် စစ်ကောင်စီတပ်က လက်နက်ကြီးများဖြင့်ပစ်ခတ်ခြင်းတို့ကြောင့် မြို့ပေါ်မှ ပြန်လည်ဆုတ်ခွာခဲ့ရခြင်း ဖြစ်ပါသည်။ [19]

ဖော်ပြပါ မအောင်မြင်သည့် မြို့သိမ်းဖြစ်စဉ်များအတွင်း တော်လှန်ရေးအင်အားစုများ ပူးပေါင်းလှုပ်ရှားခြင်း၏စစ်ရေးအောင်မြင်မှုကို မြင်တွေ့ရသော်လည်းလက်နက်ခဲယမ်းမလုံလောက်ခြင်း၊ ရေရှည်ထိန်းသိမ်းထားနိုင်မည့် အစီအမံများမရှိခြင်းတို့ကို တော်လှန်ရေးအင်အားစုများဘက်တွင် အားနည်းချက်များအဖြစ် တွေ့ရှိရပါသည်။ အာဏာသိမ်း စစ်အုပ်စုဘက်တွင်တော့ လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်ခြင်းတစ်ခုတည်းကိုသာ အားကိုးနေရပြီး မြေပြင်စစ်အင်အားသည် လွန်စွာဆုတ်ယုတ် ပြိုပျက်နေသည်မှာ



*ပုလဲမြို့သိမ်းတိုက်ပွဲတွင် တွေ့ရသည့်တော်လှန်ရေးတပ်ဖွဲ့ဝင်တချို့*

[18] ပုလဲမြို့သိမ်းစစ်ဆင်ရေးထုတ်ပြန်ကြေညာချက်၊ BNRA ၊ ၁၇ နိုဝင်ဘာ ၂၀၂၄

[19] ပုလဲမြို့ပေါ်ရှိ စစ်ကောင်စီတပ်စွဲရာနေရာများကို ကာကွယ်ရေးပူးပေါင်းတပ်ဖွဲ့ တိုက်ခိုက်၊ မဇ္ဈိမ၊ ၈ ဇူလိုင် ၂၀၂၄

ထင်ရှားပါသည်။ ၎င်းတို့၏ စိုးမိုးထိန်းချုပ်နယ်မြေများ၊ မြို့ရွာနှင့် စစ်စခန်းများသည် တော်လှန်ရေးအင်အားစုများထံ လွယ်လင့်တကူလက် လွှတ်ဆုံးရှုံးရ နိုင်ချေ အလွန်များသည်ဟု ဆိုရမည် ဖြစ်သည်။

အညာဒေသ (စစ်ကိုင်းနှင့် မကွေးတိုင်း) အတွင်း လှုပ်ရှားလျက်ရှိသည့် ABSDF စစ်ကြောင်း (၃) ၏ စစ်ကြောင်းမှူး ရဲဘော်မင်းဌေးက ယခုလိုပြောပါသည်။

"တော်လှန်ရေးအင်အားစုတွေဟာ ပြည်သူကို ငဲ့နေရတဲ့အခြေအနေမျိုး ဖြစ်တယ်။ တချို့မြို့တွေက ဝင်သိမ်းလို့ရရဲ့နဲ့ မသိမ်းဘဲထားတာတွေ ရှိတယ်။ ပြည်သူလူထု အထိနာမှာ စိုးလို့"။ [20]

## မြို့သိမ်းဖြစ်စဉ်များနှင့် ပြည်သူ့လုံခြုံရေး


BNI - Myanmar Peace Monitor မှ စုဆောင်းရရှိထားသည့် အချက်အလက်မှတ်တမ်းများအရ နိုင်ငံတဝှမ်း တိုက်ပွဲဖြစ်ပွားမှု၊ မြို့သိမ်းဖြစ်စဉ်၊ စစ်ကောင်စီတပ်၏ လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်မှုနှင့် အရပ်သား ပြည်သူများသေဆုံးမှု၊ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရမှုအခြေအနေများကို ဆက်စပ်ကြည့်ပါက စစ်အုပ်စုအနေဖြင့် တိုက်ပွဲဖြစ်စဉ်တိုင်းတွင် လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်မှုများကို အသုံးပြုနေရပြီး မြို့များ၊ ရွာများ၊ စစ်စခန်းများ လက်လွှတ်ဆုံးရှုံးရမည့်အရေးနှင့် ကြုံတွေ့ရချိန်တိုင်းတွင်လည်း လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်မှုများကို အချိန်မရွေး၊ နေရာမရွေး လုပ်ဆောင်နေသည်ကို တွေ့ရှိရပါသည်။

၂၀၂၄ ခုနှစ် တစ်နှစ်တည်းအတွင်း စစ်ကောင်စီတပ်နှင့် တော်လှန်ရေးအင်အားစုများအကြား တိုက်ပွဲဖြစ်ပွားမှု ဖြစ်စဉ်ပေါင်း (၂၀၁၁) ခုရှိခဲ့ပြီး မြို့ပေါင်း (၆၅) မြို့ကို တော်လှန်ရေးအင်အားစုများဘက်မှ သိမ်းပိုက်ထိန်းချုပ် နိုင်ခဲ့သည်။ အဆိုပါတိုက်ပွဲဖြစ်ပွားမှုနှင့် မြို့သိမ်းဖြစ်စဉ်များအတွင်း စစ်ကောင်စီတပ်အနေဖြင့်လေကြောင်းမှတဆင့်ဗုံးကြဲတိုက်ခိုက်မှုဖြစ်စဉ်ပေါင်း (၁၀၅၄) ခု လုပ်ဆောင်ခဲ့ပြီး ထိုအတွင်း အရပ်သားပြည်သူ (၁၀၀၁) ဦး သေဆုံးခဲ့ရသည်။ [21]

[20] အစီရင်ခံစာအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) အလုပ်အမှုဆောင်ကော်မတီဝင် ရဲဘော်မင်းဌေးနှင့် သီးသန့်အမေးအဖြေ၊ BNI-MPM၊ ၂၁ နိုဝင်ဘာ ၂၀၂၄

[21] Military Junta's Airstrikes in Myanmar, BNI-MPM, 31 Dec 2024

## လေကြောင်းတိုက်ခိုက်မှုသည် ပြည်သူ့လုံခြုံရေးအတွက် အဓိကခြိမ်းခြောက်မှု ဖြစ်လာ




**၂၀၂၄ ခုနှစ်အတွင်း စစ်ကောင်စီတပ်နှင့် တော်လှန်ရေးအင်အားစုများအကြား တိုက်ပွဲဖြစ်ပွားမှုဖြစ်စဉ်ပေါင်း (၂၀၁၁) ခုရှိခဲ့ပြီး မြို့ပေါင်း (၆၅) မြို့ကို တော်လှန်ရေးအင်အားစုများဘက်မှ သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။ အဆိုပါတိုက်ပွဲဖြစ်ပွားမှုနှင့် မြို့သိမ်းဖြစ်စဉ်များအတွင်း စစ်ကောင်စီတပ်အနေဖြင့် လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်မှု ဖြစ်စဉ်ပေါင်း (၁၀၅၄) ခု လုပ်ဆောင်ခဲ့ပြီး ထိုအတွင်း အရပ်သားပြည်သူ (၁၀၀၁) ဦး သေဆုံးခဲ့ရသည်။**

ထို့ကြောင့် မြို့သိမ်းဖြစ်စဉ်များနှင့်အတူ ပြည်သူလူထု၏ အသက်ရှင်လုံခြုံမှုကို အဓိကအကျဆုံး ခြိမ်းခြောက်မှုအဖြစ် စစ် အုပ်စု၏ လေကြောင်းရန်ကို မှတ်ယူရမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် ဩဂုတ်လ ၃ ရက်၊ စစ်ကောင်စီ၏ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် (ရမခ) အား အပြီးသတ် သိမ်းပိုက်မှုနှင့်အတူ လားရှိုးမြို့ကိုပါ ထိန်းချုပ်နိုင်ခဲ့သည့် ကိုးကန့်တပ်ဖွဲ့ (MNDAA) သည် လားရှိုးမြို့အတွင်း အုပ်ချုပ်ရေးယန္တရား များနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဖော်ဆောင်လည်ပတ်နေပြီဖြစ်သည့် လားရှိုးမြို့ဒေသခံပြည်သူများအတွက်မူ နေရပ်ပြန်အခြေချနေထိုင်ရေးအတွက် စိုးရိမ်မှုများရှိနေဆဲ ဖြစ်သည်။

တိုက်ပွဲပြန်ဖြစ်ပြီး စစ်ကောင်စီ၏ လေကြောင်းရန်ကိုကြောက်ရွံ့နေသေးသည့် လားရှိုးမြို့ခံ အမျိုးသမီးတဦးဖြစ်သူ နန်းခမ်းခေါင်က "လောလောဆယ် မပြန်ဖို့တော့ ဆုံးဖြတ်ထားတယ်။ အခုက စစ်တပ်ဘက် စစ်ရှုံးနေပြီဆိုပေမယ့်လည်း နောက်ပိုင်းကျရင် သူတို့ လေယာဉ်နဲ့ ဗုံးလာမကြဲဘူးလို့မပြောနိုင်ဘူး"ဟုပြောပါသည်။နောက်ထပ်လားရှိုးမြို့ဒေသခံ နန်းခမ်းအေးကလည်း "ဘယ်အချိန်ဘယ်အခါမှာ မိုးပေါ်ကနေ ဗုံးကျလာမယ် မသိဘူး၊

ကြောက်နေရတယ်။ သိန္နီမြို့မှာလည်း အတူတူပဲ သူတို့စိတ်ထင်သလို ကြဲတာပဲလေ။ အခု လည်း လားရှိုးမြို့ကို စစ်တပ်က ပြန်သိမ်းမယ်လို့လည်း ပြောထားတော့ ကြောက်နေရတာ ပေါ့။ ဒီလက်နက်ကိုင် နှစ်ဖွဲ့ကြားမှာ တစ်ဖွဲ့ဖွဲ့က လုံးဝအင်အားမရှိ၊ မတိုက်နိုင်တော့မှဘဲ ကျမတို့တော့ စိတ်ချလက်ချဖြစ်မှာ” ဟု ပြောပြပါသည်။ [22]

၂၀၂၄ ခုနှစ် ဇူလိုင်လ ၃ ရက်မှစတင်သော လားရှိုးမြို့သိမ်းတိုက်ပွဲအတွင်း စစ်ကောင်စီ တပ်၏ လက်နက်ကြီးပစ်ခတ်မှု၊ လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်မှုများကြောင့်နေအိမ် အများအပြားပျက်စီးဆုံးရှုံးကာ အရပ်သားပြည်သူ (၃၀၀) ကျော် သေဆုံးခဲ့ရကြောင်း လွတ်လပ်သော လူငယ်ပရဟိတအဖွဲ့အစည်း (FYO) က ဆိုပါသည်။ [23]

အာဏာသိမ်းစစ်အုပ်စုသည် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) သိမ်းပိုက်ထိန်းချုပ်ထားသည့် မန္တလေးတိုင်း မိုးကုတ်နှင့် ရှမ်းမြောက်ဒေသ နောင်ချိုမြို့များ အား ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၁၁ ရက် နှင့် ၁၂ ရက်တို့တွင် လေကြောင်းမှ တဆင့် ဗုံးကြဲ တိုက်ခိုက်ခဲ့ရာ အမျိုးသမီး (၄) ဦးအပါအဝင် အရပ်သားပြည်သူ (၃၀) ဦး သေဆုံးခဲ့ရသည်။ [24] အာရက္ခတပ်တော် (AA) သိမ်းပိုက်ထိန်းချုပ်ထားသည့် ရခိုင်ပြည်နယ် သံတွဲ မြို့ကိုလည်း ၂၀၂၄ ခုနှစ် စတင်ဘာလ ၂၆ ရက်တွင် လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် စစ်ဘေးရှောင်ကလေးငယ်များအပါအဝင် အရပ်သားပြည်သူ (၁၃) ဦးသေဆုံးပြီး ၂၅ ဦး ဒဏ်ရာရရှိခဲ့ပါသည်။

“ဒီလို အရပ်သားပြည်သူတွေ စစ်ရှောင်နေတာကို ရည်ရွယ်ချက်ရှိရှိနဲ့ ပစ်မှတ်ထား တိုက်ခိုက်တယ်ဆိုတာကတော့ ဒါ စစ်ရာဇဝတ်မှုကို ပြောင်ပြောင်တင်းတင်း ကျူးလွန်တာ ဖြစ်ပါတယ်။ တစ်ဖက်မှာ ဒါ ဂျီနီဗာကွန်ဗင်းရှင်းကိုလည်းပဲ ပြောင်ပြောင်တင်းတင်း ချိုးဖောက်တာဖြစ်ပါတယ်”ဟု AA ပြောရေးဆိုခွင့်ရှိသူခိုင်သုခကပြောပါသည်။ [25] ၂၀၂၄ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့ကလည်း AA သိမ်းပိုက်ထိန်းချုပ်ထားသည့် မောင်တောမြို့ရှိ နယ်ခြားစောင့်တပ်ဖွဲ့ခွဲ (နခခ - ၂) ဌာနချုပ်အား ဂျက်တိုက်လေယာဉ်နှစ်စီးဖြင့်စစ်ကောင်

---

22 MNDAA ထိန်းချုပ်ထားတဲ့ လားရှိုးမြို့ နေရပ်ပြန်ပြည်သူအသံ၊ သျှမ်းသံတော်ဆင့်၊ ၅ စက်တင်ဘာ ၂၀၂၄

23 လားရှိုးမြို့ နှစ်ဘက်တိုက်ပွဲအတွင်း အရပ်သား (၃၀၀) ကျော်သေဆုံး၊ သျှမ်းသံတော်ဆင့်၊ ၂၂ ဩဂုတ် ၂၀၂၄

24 မိုးကုတ်နှင့် နောင်ချို လေကြောင်းတိုက်ခိုက်ခံရမှု အမျိုးသမီး ၄ ဦးအပါအဝင် ၃၀ ကျော်သေဆုံး၊ မဇ္ဈိမ၊ ၁၃ နိုဝင်ဘာ ၂၀၂၄


25 သံတွဲမြို့ ဗုံးကြဲခံရ၊ အရပ်သား ၁၃ ဦးသေပြီး ၂၅ ဦးဒဏ်ရာရ၊ နိုရဉ္စရာ၊ ၂၆ စက်တင်ဘာ ၂၀၂၄

စီတပ်မှ ပုံးကြဲတိုက်ခိုက်ရာ စစ်သုံ့ပန်းများနှင့် အရပ်သားအကျဉ်းသားများအပါအဝင် (၅၀) ကျော် သေဆုံးခဲ့ရပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု AA က ထုတ်ပြန်ပါသည်။

ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းမှ မြို့ပေါင်း (၂၅) မြို့အထိ သိမ်းပိုက်ထိန်းချုပ်ထားနိုင်သော အာရက္ခတပ်တော် (AA) ကတော့ သိမ်းပိုက်ထားသည့် မြို့နယ်များအတွင်း လေကြောင်းအချက်ပြစနစ်များ တပ်ဆင်သွားရန် စီစဉ်ပြုလုပ်နေကြောင်း ၂၀၂၄ ခုနှစ် မတ်လ ၄ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် AA ပြောခွင့်ရသူ ခိုင်သုခ က ပြောပါသည်။ ယခုလိုလည်း သူက ဆိုပါသည်။

“ကျွန်တော်တို့သိမ်းပိုက်ထိန်းချုပ်ထားတဲ့ဒေသတွေမှာ ကျွန်တော်တို့ အလုံးစုံ သိမ်းပိုက်ထိန်းချုပ်ထားတယ်ဆိုလည်း ရန်သူကနေပြီးတော့ ကုန်းလမ်းလည်း လာလို့မရ။ ရေလမ်းကလည်း လာလို့မရ။ ဒါပေမယ့် လေကြောင်းကတော့ လာလို့ရနေပါတယ်။ လေကြောင်းကနေ ကျွန်တော်တို့ကိုလာပြီးတော့ ဘယ်အချိန်မဆိုလာပစ်နိုင်တဲ့ အခြေအနေပါ”။ [26]

**စစ်အာဏာသိမ်းကာလအတွင်း မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် စစ်ကြောင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေကြရသည့် စစ်ဘေးရှောင် ပြည်သူပေါင်း ၃ ဒသမ ၆ သန်းကျော် အထိ ရှိလာပြီး ထိုအထဲမှ ၁ ဒသမ ၅ သန်းကျော် (၄၃ ရာခိုင်နှုန်း) သော စစ်ဘေးရှောင်ပြည်သူ များသည် “၁၀၂၇ စစ်ဆင်ရေး” နောက်ပိုင်း တိုက်ပွဲများ၊ မြို့သိမ်းဖြစ်စဉ်များနှင့် စစ်ကောင်စီတပ်၏ လေကြောင်းတိုက်ခိုက်မှုများ ဆက်စပ်နေပါသည်။** (Data : BNI-Myanmar Peace Monitor)




[26] သိမ်းပိုက်ထိန်းချုပ်ထားသည့် မြို့နယ်များတွင် လေကြောင်းအချက်ပေးစနစ်များတပ်ဆင်နိုင်ရန် အစီစဉ်ဆွဲနေဟု AA ပြော၊ နိရဉ္စရာ၊ ၄ မတ် ၂၀၂၄

စစ်အာဏာသိမ်းကာလအတွင်း ၂၀၂၄ ခုနှစ် ဒီဇင်ဘာလကုန်အထိ မြန်မာနိုင်ငံတဝှမ်းလုံးတွင် စစ်ကြောင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေကြရသည့် စစ်ဘေးရှောင်ပြည်သူပေါင်း ၃ ဒသမ ၆ သန်းကျော်အထိရှိလာပြီး ထိုအထဲမှ ၁ ဒသမ ၅ သန်းကျော် (၄၃ ရာခိုင်နှုန်း) သော စစ်ဘေးရှောင်ပြည်သူများသည် "၁၀၂၇ စစ်ဆင်ရေး"နောက်ပိုင်း တိုက်ပွဲများ၊ မြို့သိမ်းဖြစ်စဉ်များနှင့် စစ်ကောင်စီတပ်၏ လေကြောင်းတိုက်ခိုက်မှုများ ဆက်စပ်နေပါသည်။[27] စစ်ဘေးရှောင်ပြည်သူအများစုသည် စစ်ကောင်စီတပ်၏ လေကြောင်းတိုက်ခိုက်မှုအန္တရာယ်၊ လက်နက်ကြီး ရမ်းသန်းပစ်ခတ်ခြင်းနှင့် မြို့ရွာအလိုက် မီးရှို့ဖျက်ဆီးလေ့ရှိသည့် စစ်ကောင်စီတပ်၏ မြေပြင်စစ်ကြောင်းများကြောင့် ထွက်ပြေးတိမ်းရှောင်နေကြရခြင်းဖြစ်သည်။

## မြို့သိမ်းခြင်း၊ မြို့ထိန်းခြင်းနှင့် တော်လှန်ရေး၏ ဦးတည်ရာ

တော်လှန်ရေးအင်အားစုများ သိမ်းပိုက်ထိန်းချုပ်ထားသည့် မြို့ပေါင်း (၉၅) မြို့ကို တိုင်းနှင့် ပြည်နယ်အလိုက် ခွဲခြမ်းလေ့လာကြည့်ပါက သိမ်းပိုက်မြို့များ၏ ၈၉ ဒသမ ၅ ရာခိုင်နှုန်း (၈၅ မြို့) သည် ချင်း၊ ကချင်၊ ကရင်နီ (ကယား)၊ ကရင်၊ ရခိုင်နှင့် ရှမ်းပြည်စသော ပြည်နယ် (၆)ခုမှ မြို့များဖြစ်ပြီး ၁၀ ဒသမ ၅ ရာခိုင်နှုန်း (၁၀မြို့) သည် ပဲခူး၊ စစ်ကိုင်းနှင့် မန္တလေးစသော တိုင်း (၃) ခုအတွင်းမှ မြို့များ ဖြစ်နေသည်ကို တွေ့ရသည်။

ကိုးကန့်တပ်ဖွဲ့ (MNDAA) နှင့် တအာင်းအမျိုးသားကာကွယ်ရေးတပ်ဖွဲ့ (TNLA) တို့သည် တရုတ်အစိုးရ၏ ကြားဝင်စေ့စပ်ခြင်း၊ ဖိအားပေးခြင်းတို့ကြောင့် မြို့သိမ်းဖြစ်စဉ်များ အပါအဝင် စစ်ကောင်စီတပ်အား ထိုးစစ်များ ရပ်တန့်ကာ တွေ့ဆုံဆွေးနွေးရေးအတွက် တံခါးဖွင့်ထားကြပြီး သိမ်းပိုက်ထားသည့် မြို့များအတွင်း အုပ်ချုပ်ရေးနှင့် တရားဥပဒေစိုးမိုးရေးအပါအဝင် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်လုပ်ဆောင်လျက်ရှိပါသည်။ သို့သော် မိမိကိုယ်ကိုယ် ခုခံကာကွယ်ရေးမှုကို ကိုင်စွဲကာ အာဏာသိမ်းစစ်အုပ်စု၏ စစ်ရေး၊ နိုင်ငံရေး လှုပ်ရှားမှုများကို စောင့်ကြည့်နေကြပါသည်။

ချင်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ကရင်နီ (ကယား)ပြည်နယ်တို့တွင်တော့ သက်ဆိုင်ရာ ဒေသအလိုက် တော်လှန်ရေးအင်အားစုများအနေဖြင့် သိမ်းပိုက်ထိန်းချုပ်ထားသည့် မြို့များအား အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် လူမှုဝန်ဆောင်မှုလုပ်ငန်းများ လည်ပတ်

[27] Internally Displaced Persons Situation in Myanmar, BNI-MPM, 31 Dec 2024


နိုင်ရေးကြိုးပမ်းနေကြသကဲ့သို့ အခြားတဖက်တွင်လည်း ၎င်းတို့ဒေသအတွင်း စစ်ကောင်စီတပ်များ လုံးဝကင်းစင်ရေးအထိ ရည်မှန်းချက်ထားရှိကာ စစ်ကောင်စီအား စစ်ရေးအရ ဖိအားပေး လှုပ်ရှားလျက်ရှိသည်။

ကရင်နီအမျိုးသားများကာကွယ်ရေးတပ်ဖွဲ့(KNDF)၏ စစ်ဦးစီးချုပ်လည်းဖြစ်၊ ကရင်နီပြည် ကြားကာလ စီမံအုပ်ချုပ်ရေးကောင်စီ(IEC)၏ ဒုတိယဥက္ကဋ္ဌလည်းဖြစ်သူခွန်းဘီထူးက "မြို့သိမ်းတာကတော့ တနိုင်ငံလုံးအတိုင်းအတာနဲ့ကိုသိမ်းရမှာပဲ။ တော်လှန်ရေးအင်အားစုအားလုံးက တဖွဲ့ချင်းစီအလိုက် အစီအစဉ်ရှိကြတယ်"ဟု ဆိုပါသည်။[28]

ဖာပွန်နှင့် လေးကေ့ကော်အပါအဝင် ကရင်ပြည်နယ်နှင့်ပဲခူးတိုင်းအရှေ့ပိုင်းအတွင်းရှိ မြို့ (၄) မြို့ကို သိမ်းပိုက်ထိန်းချုပ်ထားသည့် ကရင်အမျိုးသား အစည်းအရုံး (KNU) ကမူ မြို့သိမ်းခြင်းထက်စစ်ကောင်စီတပ်၏စစ်စခန်းများ၊ စစ်ကြောင်းများကို ဦးတည်ကာ "ခြွေစစ်"အဖြစ် ထိုးစစ်ဆင်လှုပ်ရှားနေပါသည်။ ၂၀၂၁ခုနှစ်ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ်ဇူလိုင်လအထိ စာရင်းအရ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်း အတွင်းရှိ စစ်ကောင်စီတပ်၏ စစ်စခန်းပေါင်း (၁၃၈) ခုကို KNLAနှင့် တော်လှန်ရေးပူးပေါင်း တပ်ဖွဲ့များက သိမ်းပိုက်နိုင်ခဲ့သည်။ ထိုအထဲမှ စခန်းပေါင်း (၇၀) ကို ၂၀၂၃ ခုနှစ် ဩဂုတ်လမှ ၂၀၂၄ ခုနှစ် ဇူလိုင်လ အထိ (၁၂) လအတွင်း သိမ်းပိုက်ခဲ့ခြင်းဖြစ်သည်။[29]

KNU ၏ စစ်ရေးမဟာဗျူဟာနှင့် ပတ်သက်ပြီး ပြောခွင့်ရသူ ပဒိုစောတောနီးက "စစ်ရေးလမ်းစဉ်က ကျနော်တို့ မြို့သိမ်းမှာမဟုတ်ဘူးဗျ။ ဒါပေမဲ့ အခြေအနေ အခွင့်အခါ

သိမ်းဆည်းရမိသော သို့မဟုတ် စွန့်ခွာခဲ့သော စစ်ကောင်စီ စခန်း အမည်များ (၂၀၂၁ ခု ဖေဖော်ဝါရီမှ ၂၀၂၄ ခု ဇူလိုင်)




*(ဓာတ်ပုံ – Karen Peace Support Network)*

28 အစီရင်ခံစာအတွက် ကရင်နီအမျိုးသားများကာကွယ် ရေးတပ်မတော် (KNDF) ဥက္ကဋ္ဌ ခွန်းဘီထူးနှင့် သီးသန့်အမေးအဖြေ၊ BNI-MPM၊ ၈ နိုဝင်ဘာ ၂၀၂၄

29 တို့ပိုင်သည့်မြေ တို့အုပ်ချုပ်မည်၊ KPSN၊ နိုဝင်ဘာ ၂၀၂၄

ပေးလာမယ်ဆို ကျနော်တို့သိမ်းမယ်။ အခု လက်ရှိ စစ်ရေးလမ်းစဉ်နဲ့ တိုက်ပွဲလမ်းညွှန်က ကျနော်တို့က ခြေစစ်နဲ့ပဲသွားမှာ” ဟု ရှင်းပြသည်။ သူက ယခုလိုလည်း ပြောပါသည်။

“ဘာပဲဖြစ်ဖြစ် ဒီတော်လှန်ရေးက ကျနော်တို့လက်ထဲမှာပဲ ရှိတယ်။ ဒီစစ်ကောင်စီ စစ်အာဏာရှင်စနစ် ဘယ်အာဏာရှင်စနစ်မှ ဘယ်လိုမှမတည်မြဲဘူးဆိုတာ ကျနော်က အသေအချာပြောရဲတယ်”။ [30]

ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းမှ မြို့ပေါင်း (၂၅) မြို့အထိ သိမ်းပိုက်ထိန်းချုပ်ထားနိုင်သည့် အာရက္ခတပ်တော် (AA) သည်ပင် ဒေသတွင်းမဟာမိတ်များနှင့် ပူးပေါင်းကာ ရခိုင်ရိုးမနှင့် နယ်ချင်းထိစပ်နေသည့် ရခိုင် - ပဲခူး၊ ရခိုင် - မကွေးနှင့် ရခိုင် - ဧရာဝတီ စသည့် နယ်စပ်ဒေသများအထိပါ စစ်ရေးလှုပ်ရှားမှုများ ရှိလာခဲ့သည်။ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် (နပခ) အပါအဝင် ရခိုင်ပြည်နယ်အတွင်းမှ မြို့နယ် (၁၄) မြို့နယ်အထိ AA ထံ လက်လွှတ်ဆုံးရှုံးထားရသည့် အာဏာသိမ်းစစ်အုပ်စုသည်လည်း အဆိုပါ နယ်ချင်းစပ်ဒေသများမှတဆင့် စစ်ရေးအရ ထိုးဖောက်ဝင်ရောက်လာမည်ကို ဟန့်တားနိုင်ရေး ပြင်ဆင် လျက်ရှိသည်ကို တွေ့ရသည်။ [31]

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ တတိယပတ်အတွင်း သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည့် ချင်းညီနောင် (CB) အဖွဲ့၏ မင်းတပ်နှင့် ကန်ပက်လက်မြို့သိမ်းဖြစ်စဉ်များအတွင်း ချင်းဒေသတွင်း တော်လှန်ရေးတပ်များနှင့်အတူ ယောကာကွယ်ရေးတပ် (YDF)၊ ယောတပ်တော် (YA) နှင့် NUG-MOD လက်အောက်မှ ပြည်သူ့ကာကွယ်ရေးတပ်မတော် မုံရွာခရိုင်တပ်ရင်း (၃) တို့က ပူးပေါင်းပါဝင်ခဲ့သလို အာရက္ခတပ်တော်(AA) ကလည်း လက်နက်ခဲယမ်းနှင့် စစ်ရေးအကူအညီများ ထောက်ကူပံ့ပိုးခဲ့သည်ဟုဆိုပါသည်။ မြို့နယ် (၉) မြို့နယ်သာရှိသော ချင်းပြည်နယ်ဧရိယာ၏ (၈၅) ရာခိုင်နှုန်းခန့်ကို ချင်းညီနောင်အဖွဲ့ (CB)၊ ချင်းပြည်ကောင်စီ (CC နှင့် အာရက္ခတပ်တော် (AA) တို့က ထိန်းချုပ်ထားနိုင်ပြီဟုလည်း ဆိုပါသည်။ [32]

---

[30] KNU ပြောရေးဆိုခွင့်ရှိသူပဒိုစောတောနီးနဲ့ မေးမြန်းခန်း (ပထမပိုင်း)၊ လူထုနွေဦး၊ ၁၇ အောက်တိုဘာ ၂၀၂၄

[31] ရခိုင်ရိုးမ နယ်စပ်တကြောတွင် စစ်ကောင်စီနှင့် AA တို့ တိုက်ပွဲဆက်လက်ပြင်းထန်၊ DMG ၊ ၂၁ ဇန်နဝါရီ ၂၀၂၅

[32] ချင်းပြည်နယ်ရဲ့ ၈၅ ရာခိုင်နှုန်းအထိ ထိန်းချုပ်ထားနိုင်ကြောင်း ချင်းညီနောင်အဖွဲ့ ပြော၊ အာအက်ဖ်အေ၊ ၂၃ ဒီဇင်ဘာ ၂၀၂၄



ဆိုရသော် AA ၏ မြို့သိမ်းဖြစ်စဉ်များနှင့် စစ်ရေးအောင်မြင်မှုများသည် ရခိုင်ပြည်နယ်နှင့် နယ်နမိတ်ချင်းထိစပ်နေသည့် ချင်းပြည်နယ်၊ မကွေးတိုင်း၊ ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းအတွင်းရှိ မဟာမိတ်တော်လှန်ရေးအင်အားစုများအတွက် လက်နက်ခဲယမ်းမှအစ စစ်ရေးစစ်ရာများတွင် အထောက်အကူပြုလာနိုင်ကြောင်း မင်းတပ်မြို့သိမ်းဖြစ်စဉ်က သက်သေပြလျက်ရှိပါသည်။ အထူးသဖြင့် ရှမ်းမြောက်ဒေသတွင် စတင်ခဲ့သည့် "၁၀၂၇ စစ်ဆင်ရေး" သည် စစ်အာဏာသိမ်းကာလအတွင်း ပေါက်ဖွားလာသော တော်လှန်ရေးအင်အားစုများအတွက် စစ်ရေးအတွေ့အကြုံနှင့် လက်နက်ခဲယမ်းများ ဝေမျှထောက်ကူခဲ့သည့်အပြင် စခန်းသိမ်းတိုက်ပွဲ၊ မြို့သိမ်းတိုက်ပွဲများကိုလည်း လက်တွေ့လုပ်ဆောင်ပြသနေသည်ဟု ဆိုရပါမည်။

BNI - Myanmar Peace Monitor ၏ မှတ်တမ်းအရ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်အထိ တစ်နှစ်တာအတွင်း မြန်မာနိုင်ငံတဝှမ်းတိုက်ပွဲဖြစ်စဉ်ပေါင်း (၂၀၃၉) ခု တွေ့ရှိခဲ့ရပြီး ထိုအထဲမှ တိုက်ပွဲဖြစ်စဉ် (၂၀၁၁) ခုသည် စစ်ကောင်စီတပ်နှင့် တော်လှန်ရေးအင်အားစုများအကြား ဖြစ်ပွားသည့် တိုက်ပွဲများဖြစ်ခဲ့သည်။ ထူးခြားချက်အဖြစ် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ (ERO) နှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲဖြစ်ပွားမှုသည် ၆၀ ရာခိုင်နှုန်းကျော်အထိရှိလာခဲ့ပြီး ပြီးခဲ့သည့်၂၀၂၃ ခုနှစ်အလားတူကာလနှင့် နှိုင်းယှဉ်ကြည့်ပါက ERO များ၏ ဦးဆောင်မှုနှင့် ပူးပေါင်းလှုပ်ရှားမှုများသည် ပိုမိုထင်ရှားလာခဲ့ပါသည်။

ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တခွင်တို့တွင် စစ်ကောင်စီတပ်ကင်းစင်ရေး၊ ပြည်သူ့လွတ်မြောက်ရေးအတွက် တော်လှန်ရေးအင်အားစုများဘက်မှ ဟစ်ကြွေးကာ လက်တွေ့ကျကျ လှုပ်ရှားလာသကဲ့သို့ ကရင်နီ (ကယား) နှင့် ကရင်ပြည်နယ်တို့တွင်လည်း အလားတူစစ်ရေးရည်မှန်းချက်များထားရှိကာ စစ်ကောင်စီတပ်များအား ထိုးစစ်ဆင်တိုက်ခိုက်မှုများကို အရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက် စိတ်အားထက်သန်နေကြပါသည်။ ထို့အပြင် ERO များနှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) လက်အောက်ခံ ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) တပ်ရင်း၊ တပ်ဖွဲ့များအကြား ပူးပေါင်းလုပ်ဆောင်သည့် စစ်ရေးလှုပ်ရှားမှုများကိုလည်း မြင်တွေ့လာရပါသည်။

ရောဝတီတိုင်းအတွင်း စစ်ကြောင်း၊ တပ်ရင်း၊ ဗျူဟာများဖြင့် တိုင်းစစ်ဌာန (ရောဝတီ) ကို အဆင့်ဆင့်ဖွဲ့စည်းခြင်း၊ ဗမာပြည်သူ့လွတ်မြောက်ရေးတပ်တော် (BPLA) နှင့် ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA) တို့ အညာဒေသသို့ စစ်ရေးလှုပ်ရှားမှုများ ရွှေ့ပြောင်းခြင်း၊ မွန်ဒေသတွင်း ကာကွယ်ရေးတပ်များ ပေါင်းစည်းခြင်း စသည့် ဖြစ်စဉ်များသည် တော်လှန်ရေး၏ ဦးတည်ရာကိုလှစ်ဟပြသနေသည့်ဟန်ရှိသည်။ မြို့သိမ်းခြင်း၊ မြို့ထိန်းခြင်းဖြစ်စဉ်များနှင့်အတူ တော်လှန်ရေး၏ ဦးတည်ရာသည်လည်း စစ်ရေးစစ်နယ် ပိုမိုကျယ်ပြန့်လာနိုင်ပြီး တော်လှန်ရေးအင်အားစုများအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြင်တွေ့ရဖွယ်ရှိကြောင်း ရှုမြင်မိရသည်။

## မြို့သိမ်းဖြစ်စဉ်များနှင့် ဖက်ဒရယ်ပြည်ထောင်စုကို မျှော်ကြည့်ခြင်း

၂၀၂၄ ခုနှစ် မတ်လ ၂၀ ရက်၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၊ ကြားကာလဒေသန္တရပြည်သူ့အုပ်ချုပ်ရေး ဖော်ဆောင်မှုဗဟိုကော်မတီ၏ ထုတ်ပြန်ချက်အရ “ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များသည် အမျိုးသားညီညွတ်ရေးအစိုးရ ဒေသအုပ်ချုပ်ရေး၏ အခြေခံအုတ်မြစ်များဖြစ်ပြီး တိုင်းဒေသကြီးများတွင်သာ ရှိသည်” ဟု ဖော်ပြထား ပြီး ပြည်နယ်အစိုးရများသည် သက်ဆိုင်ရာဒေသများအတွင်း ၎င်းတို့၏ အုပ်ချုပ်ရေးနှင့် ဝန်ဆောင်မှုများကို ဆောင်ရွက်နေကြသည်ဟု ဆိုပါသည်။ မကြာတော့သည့် ကာလတွင် ဖက်ဒရယ်အစီအမံများပေါ်လာပြီး တစ်နိုင်ငံလုံးတွင်ဖက်ဒရယ်ထူထောင်မှုများပေါ်ပေါက်လာတော့မည်ဟု ဆိုထားပါသည်။ [33]

၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၁ ရက်တွင် ပြုလုပ်သော NUG ၏ ကြားကာလ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကြိုးပမ်းချက်များနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြည်ထဲရေးဝန်ကြီး ဦးလွင်ကိုလတ်က “NUG အုပ်ချုပ်ရေးကို တိုင်းဒေသကြီးတွေမှာပဲ အဓိကထားဆောင်ရွက်မယ်လို့ မူဝါဒချပြီး ဆောင်ရွက်နေတာ ရှိပါတယ်” ပြောပါသည်။

---

[33] ကြားကာလဒေသန္တရအုပ်ချုပ်ရေးနှင့် ပြည်သူ့ဝန်ဆောင်မှုများ ဆောင်ရွက်မှုဆိုင်ရာ ထုတ်ပြန်ကြေညာချက်၊ NUG ၊ ၂၀ မတ် ၂၀၂၄

ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ (IEC) ဒုဥက္ကဌ ခွန်းဘီထူးကတော့ အနာဂတ်ဖက်ဒရယ်ကို ပုံဖော်ကြည့်လျှင် NUG သည် ဗဟိုအစိုးရအနေဖြင့် ရှိနေပြီး NUG လက်အောက်ရှိ PDF တပ်ဖွဲ့၊ တပ်ရင်းများသည် ဗဟိုအစိုးရ၏ တပ်အဖြစ် ရပ်တည်ကာ ပြည်နယ်များသည်လည်း ပြည်နယ်တပ်ဖွဲ့ထားရှိပြီး ပြည်နယ်အုပ်ချုပ်ရေးနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ လည်ပတ်နိုင်မည့်ပုံစံဖြစ်မည်ဟု ဆိုပါသည်။ ၂၀၂၄ ခုနှစ်အတွင်း ကရင်နီဒေသအတွင်းရှိ တော်လှန်ရေးအင်အားစုများအားလုံးကို အမိန့်ပေးကွပ်ကဲမှုစနစ် (COC) တစ်ခုတည်း အောက်တွင် စုစည်းနိုင်ခဲ့ပြီး ပြည်နယ်တပ်အဖြစ် ရပ်တည်သွားမည်ဟု ဆိုပါသည်။ [34]

သို့နှင့်တိုင် ဖြစ်ပေါ်ပြောင်းလဲနေသော စစ်ရေးအရွေ့နှင့် အုပ်ချုပ်ရေးဆိုင်ရာဖြစ်ထွန်းမှုများကို ထည့်သွင်းစဉ်းစားကာ "တချို့သောနေရာတွေမှာ ကွန်ဖက်ဒရေးရှင်းကို မဖြစ်မနေ လက်သင့်ခံပေးရမှာ ဖြစ်တယ်" ဟု ခွန်းဘီထူးက ပြောပါသည်။

AA စစ်ဦးစီးချုပ် ဗိုလ်ချုပ်ထွန်းမြတ်နိုင်ကတော့ အာရက္ခဒေသ (ဝါ) ရခိုင်ပြည်နယ်အတွင်း အုပ်ချုပ်မှုပုံစံသည် တစ်ပြည်ထောင်စနစ် (Unitary State System) ကျင့်သုံးပြီး ရက္ခိုင်အမျိုးသားအဖွဲ့ချုပ် (ULA) သည် ရှေ့ဆောင်ပါတီအဖြစ် ဦးဆောင်မည်ဟုဆိုပါသည်။ အာရက္ခတပ်တော်ကို ပါတီ၏ ထိန်းချုပ်မှုအောက်တွင် ထားရှိ မည်ဖြစ်သည်။ "ကနဦးအပိုင်းမှာ ဗဟိုချုပ်ကိုင်မှုကို ဦးစားပေးတဲ့ တစ်ပြည်ထောင်အစိုးရတရပ်ကို ထူထောင်ပြီးမှ နောက်ပိုင်းမှာ အရည်အချင်းနဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေအပေါ် မူတည်ပြီး အုပ်ချုပ်ရေးအာဏာကို အစိုးရအလွှာအသီးသီးဆီ ခွဲဝေသွားနိုင်ခြေ ရှိပါတယ်"ဟု ဗိုလ်ချုပ်ထွန်းမြတ်နိုင်က ရှင်းပြသည်။ [35] အာရက္ခဒေသအတွက် အနာဂတ်ရည်မှန်းချက်နှင့်ပတ်သက်ပြီးလည်း သူက ယခုလို ပြောပါသည်။

"ULA/AA ရဲ့ အဓိကရည်မှန်းချက်က အာရက္ခဒေသနဲ့ ပြည်သူလူထုအတွက် အလုံးစုံကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးဖြစ်ပါတယ်။ မြန်မာနိုင်ငံထဲက အခြားသောအစိုးရတွေနဲ့ အပြန်အလှန် အကျိုးဖြစ်ထွန်းစေမယ့် ကွန်ဖက်ဒရိတ်ပြည်နယ်တစ်ခု တည်ဆောက်ရေးကို ရည်မှန်းထားပါတယ်။ မြန်မာနိုင်ငံက အခြားသော အရေးပါတဲ့ သက်ဆိုင်သူတွေလည်း

[34] "ပိုပြင်းထန်ပြီး၊ ပိုအောင်မြင်နိုင်ချေရှိတဲ့ စစ်ဆင်ရေးတွေ ပြင်ဆင်နေတယ်"- ခွန်းဘီထူး၊ မြန်မာနောင်း၊ ၁၂ ဇန်နဝါရီ ၂၀၂၅

[35] Arakan Army Commander-in-Chief Twan Mrat Naing on the Future of Rakhine State, The diplomat, 6 Sep 2024

ကျွန်တော်တို့ရဲ့ ရည်မှန်းချက်တွေနဲ့အတူ ပါဝင်ဆောင်ရွက်နိုင်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်”

ဆိုရသော် ကချင်၊ ကရင်၊ ကရင်နီ (ကယား)၊ ချင်း၊ ရခိုင်နှင့် ရှမ်းပြည်နယ်အတွင်းရှိ ကိုးကန့်ဒေသ၊ တအာင်းပလောင်ဒေသ စသည့် ပြည်နယ်ဒေသများအတွင်း တွေ့ရှိရသော တော်လှန်ရေးအင်အားစုများ၏ မြို့သိမ်းခြင်း၊ မြို့ထိန်းခြင်းဖြစ်စဉ်များသည် သက်ဆိုင်ရာ ဒေသအလိုက် အင်အားစုများအချင်းချင်းစုဖွဲ့ပေါင်းစည်းစေခြင်း၊ ဒေသတွင်း ဖွဲ့စည်းပုံ အခြေခံဥပဒေများ၊ ကြားကာလအုပ်ချုပ်ရေးအစီအမံများနှင့်အတူ ဒေသတွင်း အစိုးရအဖွဲ့၊ အုပ်ချုပ်ရေးကောင်စီကဲ့သို့သော အုပ်ချုပ်ရေးယန္တရားများကို ပေါ်ထွက်လာစေခဲ့ပါသည်။

ဥပမာ-ကရင်နီ(ကယား)ပြည်နယ်အတွင်း ကြားကာလစီမံအုပ်ချုပ်ရေးကောင်စီ(IEC)၊ ကိုးကန့်ဒေသအတွင်း MNTJP/MNDAA ၏ အထူးဒေသအုပ်ချုပ်ရေးကော်မတီ၊ ချင်းပြည်နယ်အတွင်း ချင်းလဲန်းကောင်စီနှင့် ချင်းလဲန်းအစိုးရ၊ ရခိုင်ပြည်နယ်အတွင်း ULA/AA ၏ အာရက္ခပြည်သူ့တော်လှန်ရေးအစိုးရ၊၊ အလားတူကချင်ပြည်နယ်အစိုးရဖွဲ့စည်းရေးအတွက် KIO/KIA မှ ကြိုးပမ်းနေသကဲ့သို့ PSLF/TNLA ထိန်းချုပ်ထားရသည့် တအာင်းပလောင်ဒေသအတွင်းတွင်လည်း ပြည်သူ့အစိုးရတရပ် ပေါ်ထွက်လာရေးအတွက် စိတ်ပိုင်းဖြတ်ထားကြသည်ကို တွေ့ရသည်။ ကရင်အမျိုးသားအစည်းအရုံး (KNU) သည်ပင် ကော်သူးလေပြည်နယ် ပေါ်ပေါက်လာရန် ကြိုးပမ်းသွားမည်ဟု ကြေညာထားပါသည်။

နယ်မြေဒေသနှင့် လူမျိုးစုအလိုက်မျှော်မှန်းကြသော အစိုးရပုံစံများသည် အသွင်သဏ္ဌာန်ကွဲပြားနေကြသည်ဟု ရှုမြင်ရသော်လည်း တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းအုပ်ချုပ်ပိုင်ခွင့်ကို အခြေပြုမျှော်မှန်းကြခြင်းကြောင့် စစ်အာဏာသိမ်းကာလအတွင်းတော်လှန်ရေးအင်အားစုများ၏ မြို့သိမ်းခြင်း၊ မြို့ထိန်းခြင်းဖြစ်စဉ်များသည် အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု၏ ရှေ့ပြေးအမြုတေလေးများကို ဖြစ်ထွန်းထွက်ပေါ်စေခဲ့သည်ဟု သုံးသပ်ရပါသည်။

## တွေ့ရှိချက်၊ သုံးသပ်ချက်များ

မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) ၏ ဗဟိုကော်မတီဝင် ရဲဘော်မင်းဒွေးကတော့ တော်လှန်ရေးအင်အားစုများ၏ မြို့သိမ်းဖြစ်စဉ်များနှင့် နယ်မြေစိုးမိုးရေးလှုပ်ရှားမှုများ အရှိန်မြှင့်လုပ်ဆောင်ကြခြင်းသည် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုအတွက် ရည်ရွယ်ကြိုးပမ်းနေကြခြင်းဖြစ်ကြောင်း ယုံကြည်ထားပါသည်။

"ဖက်ဒရယ်စနစ်ကို သွားချင်တယ်ဆိုရင် ကိုယ့်ရဲ့ပိုင်ဆိုင်မှုလိုသေးတာကိုး။ နယ်မြေတွေရှိမှ ပိုင်ဆိုင်မှုတွေရှိမှ ပြည်ထောင်စုကို ဘယ်လိုစုဖွဲ့မယ်၊ ဖက်ဒရယ်စနစ်ကို ဘယ်လိုသွားမယ်ဆိုတဲ့ အနေအထားမျိုးရှိတယ်။ အားလုံးရဲ့ဘုံရည်မှန်းချက်ဖြစ်တဲ့ စစ်အာဏာရှင်ပြုတ်ကျသွားရင် အနာဂတ်ဖက်ဒရယ်အတွက် ဆွေးနွေးကြတဲ့အခါ ကိုယ့်မှာ လက်ငုတ်လက်ရင်းဖြစ်တဲ့ သိမ်းပိုက်ထားတဲ့နယ်မြေတွေ ရှိဖို့လိုတယ်။ နယ်မြေတွေမရှိဘဲ ဖက်ဒရယ်စနစ်ကို သွားလို့မရဘူး၊ ဒါကြောင့်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကရော ကျနော်တို့ တော်လှန်ရေးအင်အားစုတွေကပါ နယ်မြေတွေကို အမိက ထိန်းသိမ်းနေကြတာ၊ တိုက်ယူနေကြတာ" ဟု ရဲ ဘော်မင်းဒွေးက ရှုမြင်သုံးသပ်သည်။ [36]

မြို့သိမ်းဖြစ်စဉ်များကို လေ့လာကြည့်ပါက စစ်ကောင်စီတပ်သားများ၏ စခန်းစွန့်ခွာထွက်ပြေးခြင်း၊ လက်နက်ချအညံ့ခြင်း၊ အလံဖြူထောင်ခြင်းတို့ကို တွေ့ရပြီး စစ်ကောင်စီလက်အောက်ခံ တပ်သားများ၏ တိုက်စွမ်းရည်ကျဆင်းခြင်း၊ စစ်ပမ်းခြင်းနှင့် စိတ်ဓာတ်ပျက်ပြားခြင်းတို့ကို ပေါ်လွင်စေပါသည်။ ထို့အပြင် တော်လှန်ရေးအင်အားစုများ၏ ခုခံတော်လှန်စစ်မှ တော်လှန်ထိုးစစ်အကူးအပြောင်း အားကောင်းလာခြင်းကလည်း စစ်ကောင်စီတပ်သားများအတွက် စိတ်ရောကိုယ်ပါ မလုံခြုံမှုနှင့် စိုးရိမ်ထိတ်လန့်မှုကို တိုးပွားစေကာ ၎င်းတို့၏ စစ်စခန်း၊ တပ်နယ်များအပြင်ဘက်သို့ မထွက်ရဲတော့သည်အထိ ဖြစ်ခဲ့ရပြီး တော်လှန်ရေးအင်အားစုများ၏ တော်လှန်ထိုးစစ်ကို ဖိတ်ခေါ်နေသကဲ့သို့ ဖြစ်လာသည်။ အာဏာသိမ်းစစ်အုပ်စုသည် လေတပ်၊ ရေတပ်အပါအဝင် စစ်လက်နက် အင်အားတွင် တော်လှန်ရေးအင်အားစုများထက် သာလွန်ကောင်းမွန်နေသေးသည်ဟု ရှုမြင်ရသော်လည်း နိုင်ငံတဝှမ်းရာနှင့်ချီသော စစ်စခန်းများနှင့် ကျေးရွာ၊ မြို့ပြဒေသအများအပြား လက်လွှတ်ဆုံးရှုံးနေမှုကို

---

[36] အစီရင်ခံစာအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) အလုပ်အမှုဆောင်ကော်မတီဝင် ရဲဘော်မင်းဒွေးနှင့် သီးသန့်အမေးအဖြေ၊ BNI-MPM၊ ၂၁ နိုဝင်ဘာ ၂၀၂၄



*လေကြောင်းပုံးကြဲမှုကြောင့် အိမ် ၅၀၀ ကျော်မီးလောင်ပျက်စီးခဲ့တဲ့ ကျောက်နီမော်ရွာ (ဓာတ်ပုံ – CJ)*

ပြန်လည်မရယူနိုင်သေးခြင်းကို ထောက်ရှုပါက အာဏာသိမ်းစစ်အုပ်စုသည် အရှုံးနှင့် နေသားကျလာသည့် အခြေအနေမျိုး ဖြစ်လာသည်ဟု ဆိုရပါမည်။

အာဏာသိမ်းစစ်ကောင်စီတပ်၏ အရှုံးသည် အလစ်အငိုက်တိုက်ခိုက်ခံရပြီး ဆုံးရှုံးသွားသည့်အနေအထား၊ ပြန် တိုက်နိုင်သည့်အနေအထားမျိုးမဟုတ်တော့ဘဲ အရှုံးသည် နစ်နင့်ချီလာပြီး ဆက်တိုက်အရှုံးဖြစ်လာကြောင်း စစ်ရေးလေ့လာသုံးသပ်သူ ကိုရဲမျိုးဟိန်းက သုံးသပ်သည်။ စစ်ကောင်စီတပ်အနေဖြင့် "နေရာတစ်နေရာကို အတိုက်ခံရတော့မယ်ဆိုရင် အဲဒီနေရာဟာ အနေးနဲ့အမြန်ပဲ ကျတော့မယ်ဆိုတဲ့ အခြေအနေမျိုး၊ မလုံခြုံမှုမျိုးအထိ ဖြစ်လာတယ်။ အဲဒီနေရာတွေကို ပြန်ရနိုင်မလားဆိုတာထက် နောက်ထပ်နယ်မြေတွေမဆုံးရှုံးသွားအောင် သူ့ဘက်က အဓိကကြိုးစားနေရတဲ့ အခြေအနေမျိုး ဖြစ်လာတယ်" ဟု သူက ဆိုပါသည်။ [37]

မြို့များ၊ ကျေးရွာများနှင့် စစ်စခန်းများ လက်လွှတ်ဆုံးရှုံးထားရသည့် အာဏာသိမ်းစစ်အုပ်စုသည် ၎င်းတို့အဓိက အားထားရာ လေကြောင်းတိုက်ခိုက်မှုများကိုသာ တိုးမြှင့်လုပ်ဆောင်လာခဲ့သည်ကို တွေ့ရသည်။ ထို့ကြောင့် တော်လှန်ရေးအင်အားစုများထိန်းချုပ်စိုးမိုးရာ နယ်မြေများအတွင်းရှိ ပြည်လူလူထု၏ လုံခြုံရေးအတွက် စစ်အုပ်စု၏ လေကြောင်းရန်သည် အဓိကခြိမ်းခြောက်မှုတစ်ခု ဖြစ်လာပါသည်။ ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်အတွင်း

[37] မြန်မာ့ပြည်တွင်းစစ် ၂၀၂၅ လားရာ၊ ဘီဘီစီ၊ ၁၉ ဇန်နဝါရီ ၂၀၂၄

ရှိ ကျောက်နီမော်ရွာ လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်သည် ပြည်သူ့လုံခြုံရေးအတွက် ခြိမ်းခြောက်မှုဖြစ်စဉ်များထဲမှ တစ်ခုဖြစ်ပါသည်။ [38]

မြို့သိမ်းခြင်း၊ မြို့ထိန်းခြင်းနှင့် တော်လှန်ရေး၏ ဦးတည်ရာကို မှန်းမျှော်ကြည့်ပါက တော်လှန်ရေးအင်အားစုများအနေဖြင့် သက်ဆိုင်ရာနယ်မြေဒေသအလိုက် စစ်ကောင်စီတပ်ကင်းစင်ရေး၊ စစ်အာဏာရှင်စနစ်အောက်မှ လွတ်မြောက်ရေးအတွက် တော်လှန်ထိုးစစ်အရှိန်မြှင့်နိုင်ရေးကို ကြိုးပမ်းအားထုတ်နေကြပါသည်။ ထို့အပြင် နယ်မြေဒေသအလိုက် တော်လှန်ရေးအင်အားစုများအချင်းချင်း ပူးပေါင်းစုဖွဲ့မှုပုံစံအသစ်များကို မွန်ပြည်နယ်၊ ရောဝတီတိုင်းနှင့် စစ်ကိုင်း၊ မကွေး၊ မန္တလေးကဲ့သို့သော အညာတခွင်တွင် တွေ့မြင်နေရပါသည်။ အာဏာသိမ်းစစ်ကောင်စီတပ်နှင့် ၎င်း၏ လက်အောက်ခံ နယ်ခြားစောင့်တပ်များ၊ ပြည်သူ့စစ်အဖွဲ့များ၊ ပျူစောထီးအဖွဲ့များအပေါ် ဦးတည်သည့် တော်လှန်ထိုးစစ်ဆင်လှုပ်ရှားမှုများတွင်လည်း တိုင်းရင်းသားလက်နက်ကိုင်တော် လှန်ရေးအဖွဲ့ (ERO) များ၏ ဦးဆောင်မှု၊ ထောက်ကူပံ့ပိုးများကို ပိုမိုမြင်တွေ့လာရကြောင်း ပဋိပက္ခတိုက်ပွဲဆိုင်ရာ အချက်အလက်များက ပြဆိုနေပါသည်။

အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးအတွက် တော်လှန်ရေးအင်အားစုအားလုံးအကြား နိုင်ငံရေးအရ ဘုံသဘောတူညီချက်ရရှိထားခြင်း မရှိသေးသော်လည်း အာဏာသိမ်းစစ်အုပ်စု ပြုတ်ကျရေး၊ စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးအတွက် စိတ်ပိုင်းဖြတ်မှုတွင်မူ အားလုံးက နားလည်လက်ခံထားကြပါသည်။ ထို့ကြောင့် အာဏာသိမ်းစစ်အုပ်စုအပေါ် တော်လှန်ရေးအင်အားစုများ၏ စစ်ရေးအရ ဖိအားပေးမှုများဆက်လက်မြှင့်တင်လာနိုင်သလို စခန်းသိမ်း၊ မြို့သိမ်းဖြစ်စဉ်များကိုလည်း ဆက်လက်မြင်တွေ့ရနိုင်ကြောင်း သုံးသပ်ရပါသည်။

သို့သော် မအောင်မြင်သော မြို့သိမ်းဖြစ်စဉ်များ၊ စစ်အုပ်စုပြန်လည်ရရှိသွားသည့် မြို့သိမ်းဖြစ်စဉ်များ၊ ပြည်သူလူထု၏ လုံခြုံရေးကို ခြိမ်းခြောက်နေသော မြို့သိမ်းဖြစ်စဉ်များကို ပြန်လှန်သုံးသပ်ကာ ပြည်သူလူထု မနစ်နာသည့်၊ ပြည်သူလူထု၏ ထိခိုက်နစ်နာမှု မကြီးမားသည့် စစ်နည်းဗျူဟာအပြောင်းအလဲများကို ရှာဖွေချဉ်းကပ်ရန် အထူးလိုအပ်နေပါသည်။

[38] ပုံးကြဲခံရ၍ နေအိမ်မီးလောင်သွားသည့် ကျောက်နီမော်ရွာသားများ ပြန်လည်ထူထောင်ရန် ခက်ခဲနေ၊ DMG ၊ ၁၈ ဇန်နဝါရီ ၂၀၂၅

ပြည်သူလူထု၏ ထောက်ခံမှုမရရှိသဖြင့် ဘက်ပေါင်းစုံမှ အရှုံးပြနေသည့် အာဏာသိမ်း စစ်အုပ်စု၏ အဖြစ်ကို တော်လှန်ရေးအင်အားစုများအနေဖြင့် သင်ခန်းစာယူရမည်ဖြစ်သည်။

ရဲဘော်မင်းဒွေးကတော့ တော်လှန်ရေးအင်အားစုများနှင့် ပြည်သူလူထုအကြား တသားတည်းဖြစ်နေခြင်းကြောင့်သာ စစ်အုပ်စုထံမှ သိမ်းပိုက်ထိန်းချုပ်ထားသည့် မြို့များ၊ ကျေးရွာများ၊ နယ်မြေများကို နှစ်နှင့်ချီသည် အထိ ထိန်းထားနိုင်ခြင်းဖြစ်သည်ဟု ယုံကြည် ထားပါသည်။

"ကျနော်တို့ဘက်မှာ ပြည်သူရှိတယ်၊ သူတို့ဘက်မှာ မရှိဘူး။ သူတို့တွေ စစ်ကြောင်း မယ်ဆိုရင်လည်း ကျနော်တို့ ပြည်သူကတဆင့် သတင်းကြိုရတယ်၊ ဒါကြောင့် ထိန်းထား တဲ့မြို့တွေကို သူတို့မနောက်ယှက်နိုင်အောင် ကျနော်တို့က ကြိုပြီးဖြတ်တောက်နိုင်တယ်။ လေကြောင်းက လွဲလို့ပေါ့" ဟု ရဲဘော်မင်းဒွေးက ဆိုပါသည်။

BURMA NEWS INTERNATIONAL

MYANMAR PEACE MONITOR